ရှေ့မှန်

The Mirror

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ (7-7-2010) (၆၄၅၂)

နမ့်ဆန်မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၄ ရက် မွန်းလွဲ ၁ နာရီတွင် ကျောက်မဲခရိုင် နမ့်ဆန်မြို့ တပ်မတော် လက်ဖက်ခြောက် စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးက လက်ဖက်ခြောက် စက်ရုံအတွင်း စက်လည်ပတ်မှု၊ ကုန်ပစ္စည်းများ သိုလှောင်ထားရှိမှုနှင့် အပြီးသတ်အချောထည် ထုပ်ပိုးမှုအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် တောင်သူတစ်ဦး၏ လက်ဖက်စိုက်ခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒေသခံလက်ဖက်တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ ဒေသနှင့်ကိုက်ညီသည့် လက်ဖက်ကို စိုက်နည်းစနစ်မှန်ကန်စွာဖြင့် ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့စိုက်ပျိုးနိုင်ရေး မှာကြားသည်။

ဆက်လက်၍ နမ့်ဆန်မြို့ရှိ ခုတင် (၅၀) ဆံ့ ပြည်သူ့ဆေးရုံသစ်ကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒေသတွင်း ကျန်းမာရေး မြှင့်တင်ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားကာ နမ့်ဆန်မြို့ ဦးစီးရုံး၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသတွင်း လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဒေသခံပြည်သူများနှင့် ပူးပေါင်းလုပ်ဆောင်သွားကြရန် အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် မန်တုံမြို့ရှိ (၂၅) ခုတင်ဆံ့ ပြည်သူ့ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ ဆက်လက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဇူလိုင် ၆

နိုင်ငံရေးပါတီ တည်ထောင်ခွင့်ရရှိပြီးသောပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်များ ဆက်လက်လျှောက်ထားလျက်ရှိကြရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးပါတီ (ပြည်)က ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ကို ၂၀၁၀ ခုနှစ် ဇူလိုင် ၆ ရက်တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့်ပါတီ (၄၃)ပါတီရှိပြီး နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားသည့်ပါတီ (၃၉)ပါတီအနက် ပါတီ(၃၆)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်တာနက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးသတင်း

ဘာသာပြန် - ရေမောင်

အင်ဒိုနီးရှားနိုင်ငံ၏ အမြင့်ဆုံးတောင်ပေါ်ရှိ ရေခဲမြစ် ငါးနှစ်အတွင်း ပျောက်ကွယ်သွားနိုင်ဟု သတိပေး

ဂျကာတာ ဇူလိုင် ၆

အင်ဒိုနီးရှားနိုင်ငံ၏ အမြင့်ဆုံးတောင်ပေါ်၌တည်ရှိသော ရေခဲမြစ်တစ်စင်းသည် တစ်နှစ်လျှင် ခုနစ်မီတာနှုန်းဖြင့် ဆုတ်ယုတ်လာနေပြီး လေးနှစ်မှ ငါးနှစ်အထိ ကာလအတွင်းမှာပင် ပျောက်ကွယ်သွားနိုင်ကြောင်း အမေရိကန်ရေခဲမြစ် ကျွမ်းကျင်သူတစ်ဦးက သတိပေးလိုက်သည်။

အင်ဒိုနီးရှားနိုင်ငံ အနောက်အလယ်ပိုင်း ကုန်းမြင့်ဒေသ ဆူဒီမန် တောင်စဉ်တောင်တန်းဒေသ၌ တည်ရှိသော ပန်ကက်ဂျာယား (Puncak Jaya) တောင်၏ တောင်ပေါ်ရေခဲမြစ်သည် ပစိဖိတ်ဒေသ၏ နောက်ဆုံးလက်ကျန် ရေခဲမြစ်ဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၁၆၀၂၄ ပေအမြင့်ရှိ အဆိုပါရေခဲမြစ်၏ ယိုယွင်းပျက်စီးမှုအခြေအနေကို သိရှိနိုင်ရန် ရေခဲမြစ်ကျွမ်းကျင်သူ ပညာရှင်လွန်နီသော်မဆင်က ကွင်းဆင်းလေ့လာမှု ပြုလုပ်ခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့

အင် ဒိုနီးရှား နိုင်ငံ၏ အမြင့်ဆုံး တောင်ဖြစ်သော ပန်ကက်ဂျာယား တောင်ပေါ်ရှိ ရေခဲမြစ်ကို တွေ့ရစဉ်။

(ဓာတ်ပုံ - အင်တာနက်)

နယ်သာလန် ဗိုလ်လုပွဲ တက်ပြီ

ဇူလိုင် ၇ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ကမ္ဘာ့ဖလား ဆီမီးဖိုင်နယ်ပွဲစဉ်တွင် နယ်သာလန်က ဥရုဂွေးကို သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ကာ ဗိုလ်လုပွဲသို့ တက်သွားပြီ ဖြစ်သည်။

တိုက်စစ်ထက်မြက်သည့်ဂျာမနီကို စပိန်နောက်တန်း ထိန်းချုပ်နိုင်မည်လား

သတင်း - စာမျက်နှာ (၁၁)

၇-၇-၂၀၁၀
(ဗုဒ္ဓဟူးနေ့)

လမ်း၊ တံတားသစ်များ တိုးချဲ့ဖွင့်လှစ်ကုန်စည်ပို့ဆောင်သွားလာမှု မြန်ဆန်တိုးတက်

နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းလျက်ရှိရာတွင် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးလုပ်ငန်းသည် အဓိကပါဝင်သည်။ လမ်းသစ်များဖောက်လုပ်၍ တံတားသစ်များ တိုးချဲ့တည်ဆောက်ပေးနိုင်မှုနှင့်အတူ ပြည်နယ်နှင့်တိုင်း ဒေသအသီးသီးသို့ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ကြပြီ။ ကူးသန်းဆက်သွယ်သွားလာမှု လွယ်ကူလျက်ရှိရာ စီးပွားကုန်သွယ်လုပ်ငန်းများ တိုးတက်မြန်ဆန်လျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်း၊ တံတားသစ်များ တိုးချဲ့ဖောက်လုပ်တည်ဆောက်နေသည်။ လမ်း၊ တံတားများ ပိုမိုတိုးတက်ကောင်းမွန်ရေး ဆက်လက်အဆင့်မြှင့်တင် ပြုပြင်တည်ဆောက်ကြိုးပမ်းလျက်ရှိသည်။ ယခင်ကာလက လမ်းအရှည်မိုင် တစ်သောင်းသုံးထောင်ကျော်သာရှိခဲ့ရာမှ ယခုအခါမှ လမ်းအရှည်မိုင် နှစ်သောင်းတစ်ထောင်ကျော် ရှိလာပြီဖြစ်သည်။ ပေ ၁၈၀ နှင့်အထက် တံတားကြီး အစင်း ၂၄၀ ကိုလည်း တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနက နေပြည်တော်တပ်ကုန်းမြို့နယ် ပျဉ်းမနား-ပင်လောင်းလမ်း (ကင်းသာ-ကိုးကွေ့အပိုင်း) မိုင် ၂၀ကျော် ကတ္တရာလမ်းကို ဇူလိုင် ၃ရက်က ဖွင့်လှစ်လိုက်သည်။ ယခင် ၁၂ပေအကျယ် ကျောက်လမ်းအဆင့်မှ ၁၈ပေအကျယ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်ပေးခြင်းဖြစ်သည်။

အဆိုပါလမ်းသည် နေပြည်တော်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ကို ဆက်စပ်ပေးသည့် အဓိကလမ်းမကြီးဖြစ်သည်။ ပျဉ်းမနား-ပင်လောင်းလမ်း (ကင်းသာ-ကိုးကွေ့)လမ်းအပိုင်းသည် ယခင်ဖွင့်လှစ်ခဲ့သည့် ခရိုင်ချင်းဆက်လမ်းအမှတ်-၂နှင့် တစ်ဆက်တည်းဖြစ်သွားသဖြင့် မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ ဆက်သွယ်သွားလာနိုင်ကြပြီ။ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ ခရီးသွားလာရေးလွယ်ကူလာပြီ။ ဒေသထွက်ကုန်များ ပို့ဆောင်ရောင်းဝယ်မှု ပိုမိုအဆင်ပြေလာလျက်ရှိသည်။

ယခင်က ရှမ်းပြည်နယ် ပင်လောင်းမြို့မှ နေပြည်တော်ပျဉ်းမနားသို့ မော်တော်ယာဉ်များ ရှစ်နာရီကြာမောင်းနှင်ခဲ့ရသော ခရီးကို ယခုအခါ ငါးနာရီမျှဖြင့် ရောက်ရှိနိုင်ကြပြီ။ ကျောက်ချောလမ်းမှသည် ကတ္တရာလမ်းအဆင့် တိုးမြှင့်ဖွင့်လှစ်နိုင်သည့်အတွက် ဒေသ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုနေပေပြီ။

ပျဉ်းမနား-ပင်လောင်းလမ်းသည် မိုင်အရှည် ၇၀ ကျော်ရှိသည်။ အဆိုပါလမ်းမ၏ အစပိုင်း (ကင်းသာ-ကိုးကွေ့)အပိုင်း မိုင် ၂၀ကျော်ကို ပြီးစီး၍ ဖွင့်လှစ်ပေးခြင်းဖြစ်သည်။ လမ်းအပိုင်းများတွင် သံကူကွန်ကရစ်တံတားကြီးများ အဆင့်မြှင့်တင်တည်ဆောက်ပေးထားပြီ။ ကျန်ရှိသည့် လမ်းအပိုင်းများပြီးစီးရေး ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံတော်က တည်ဆောက်ဖွင့်လှစ်ပေးထားသည့် လမ်းတံတားသစ်များ၏ အကျိုးရလဒ်အဖြစ် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက် စည်ပင်လာလျက်ရှိနေပြီဖြစ်ပါသည်။ ။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

ရန်ကုန် ဇူလိုင် ၆

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂ ရက်တွင် မော်လမြိုင်မြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ပွင့်ဦးမာလာခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုရီက အမှာစကားပြောကြားပြီး ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင် မော်လမြိုင်မြို့နယ် တာဝန်ခံ(ယာဉ်ထိန်း) ဒုတိယရဲမှူးမြင့်အေး **(အောက်ပုံ)** နှင့် အဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိရှိလိုက်နာရေး၊ စက်ဘီးစီးသူများနှင့် ခြေကျင်လျှောက်သူများ လိုက်နာရမည့် စည်းကမ်းချက်များ၊ ဆိုင်ကယ်စီးသူများ လိုက်နာရန် စည်းကမ်းချက်များနှင့် ယာဉ်ထိန်းလက်အချက်ပြနည်းစနစ်တို့ကို ရှင်းလင်းဟောပြောကြကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေး ဇာတ်လမ်းခွေနှင့် လက်ကမ်းစာစောင်များကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်သည်။

မော်လမြိုင်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့က ယာဉ်တိုက်မှုများ ဖြစ်ပွားမှုမရှိစေရေး ပညာပေး မှတ်တမ်းဓာတ်ပုံများကို ကျောင်းခန်းမ၌ ရက်သတ္တတစ်ပတ်ကြာ ပြသထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ဘဏ္ဍာ/ အခွန်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ဝန်ကြီး ဦးလှထွန်း တက်ရောက်၍ ဂုဏ်ပြုဆုချီးမြှင့်

နေပြည်တော် ဇူလိုင် ၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းသည် ဇူလိုင် ၄ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ဘောဂဗလလမ်းရှိ မြန်မာ့စီးပွားရေးဘဏ် မြို့နယ်ဘဏ်ခွဲသို့ ရောက်ရှိစစ်ဆေးရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်နှင့် ဘဏ်ခွဲမန်နေဂျာတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ဒေသစီးပွားရေး ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေမည့် ဘဏ်နှင့် ငွေရေးကြေးရေးလုပ်ငန်းဆောင်ရွက်မှုများဖြင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် ပံ့ပိုးဖြည့်ဆည်းသွားရန် မှာကြားခဲ့သည်။

ယင်းနောက် ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုဝင်များအပါအဝင် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို မွန်းလွဲပိုင်းတွင် ကျောက်ပန်းတောင်းမြို့နယ် အားကစားခန်းမ၌ ကျင်းပရာ ဝန်ကြီး ဦးလှထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်က နှစ်ဘာသာဂုဏ်ထူးရှင်များအား လည်းကောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းက သုံးဘာသာဂုဏ်ထူးရှင်များအား လည်းကောင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်ခင်သန်းဝင်းက လေးဘာသာနှင့် ငါးဘာသာဂုဏ်ထူးရှင်များအား လည်းကောင်း၊ ဝန်ကြီး ဦးလှထွန်းက ခြောက်ဘာသာဂုဏ်ထူးရှင်များအား လည်းကောင်း ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဝန်ကြီးက ထူးချွန်အောင် သင်ကြားပြသခဲ့သည့် ဆရာ၊ ဆရာမများကိုယ်စား မြို့နယ်ပညာရေးမှူး ဒေါ်အကြူနှင့် ကျောင်းအုပ်ဆရာမကြီးများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများ ကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ခန့်မင်းညိုက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့လူဦးရေနေ့ ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲ ဆုရသူများစာရင်းကြေညာ

နေပြည်တော် ဇူလိုင် ၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၀ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိသူများစာရင်းကို ပြည်သူ့အင်အားဦးစီးဌာနက ထုတ်ပြန်ကြေညာလိုက်သည်။

ပိုစတာပြိုင်ပွဲ

ပိုစတာပြိုင်ပွဲတွင် ဆုရရှိသူများမှာ အဆင့်(၁)အသက်(၆-၈)နှစ်အတန်းတွင် ပထမဆု မောင်ကောင်းဆက်လွင် တတိယတန်း အထက(၁)မြောက်ဒဂုံ ရန်ကုန်တိုင်း၊ ဒုတိယဆု မောင်ကောင်းဇော်ဟိန်း တတိယတန်း ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း ရန်ကုန်တိုင်း၊ တတိယဆု မသက်ထားဆွေ တတိယတန်း အထက(၁)မြိတ် တနင်္သာရီတိုင်းတို့ ရရှိကြပြီး အထူးဆု-၁ မနန်းလောင်ဖိုး စတုတ္ထတန်း အထက(၅)ကျိုင်းတုံ ရှမ်းပြည်နယ်(အရှေ့)၊ အထူးဆု-၂ မောင်အောင်ဘုန်းခန့် ဒုတိယတန်း အမက(၃၀)လှိုင် ရန်ကုန်တိုင်း၊ အထူးဆု-၃ မောင်ဒေါ်မိနစ် ဒုတိယတန်း အလက(၁)လွိုင်ကော် ကယားပြည်နယ်၊ အထူးဆု-၄ မသက်ထားဆွေဇင် စတုတ္ထတန်း အမက(၁၈)တာမွေ ရန်ကုန်တိုင်း၊ အထူးဆု-၅ မဟန်နီစိုး စတုတ္ထတန်း အမက(၆) ကျောက်တံတား ရန်ကုန်တိုင်းတို့ ရရှိကြသည်။

အဆင့်(၂)အသက်(၉-၁၂)နှစ်တန်းတွင် ပထမဆု မောင်သီဟသွေး ဆဋ္ဌမတန်း အထက(၆) ဗိုလ်တထောင် ရန်ကုန်တိုင်း၊ ဒုတိယဆု မောင်ညဏ်လင်းထက်နိုင် သတ္တမတန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကမာရွတ် ရန်ကုန်တိုင်း၊ တတိယဆု မပိုးဇော်ဦး ဆဋ္ဌမတန်း အထက(၁)မြိတ် တနင်္သာရီတိုင်းတို့ ရရှိကြပြီး အထူးဆု-၁ မတွယ်တာလမင်းအောင် သတ္တမတန်း အထက(၂)ဒဂုံ ရန်ကုန်တိုင်း၊ အထူးဆု-၂ မသဲစုဝေ စတုတ္ထတန်း မူလွန်ကန်ဖျား မြိတ် တနင်္သာရီတိုင်း၊ အထူးဆု-၃ မလှယမင်းအိမ် အဋ္ဌမတန်း အထက(၁)ဒဂုံ ရန်ကုန်တိုင်း၊ အထူးဆု-၄ မောင်ကျော်စိုးဟန် သတ္တမတန်း အထက(၃)ပဲခူးတိုင်း၊ အထူးဆု-၅ မောင်သူရပိုင်စိုး အဋ္ဌမတန်း အထက(၆)ပုသိမ် ဧရာဝတီတိုင်းတို့ရရှိကြသည်။

အဆင့်(၃)အသက်(၁၃-၁၅)နှစ်အတန်းတွင် ပထမဆု မခိုင်မေသူ အဋ္ဌမတန်း ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း ရန်ကုန်တိုင်း၊ ဒုတိယဆု မနေဇင်နှင်းထက် အဋ္ဌမတန်း အထက(၁)ဒဂုံ ရန်ကုန်တိုင်း၊ တတိယဆု မောင်ကောင်းထက်ကျော် ဒသမတန်း အထက(၅)တာမွေ ရန်ကုန်တိုင်းတို့ရရှိကြပြီး အထူးဆု-၁ မယဉ်လက်သက်ဝေ အဋ္ဌမတန်း အထက(၁)ကျောက်တံတား ရန်ကုန်တိုင်း၊ အထူးဆု-၂ မရဲရင့် အဋ္ဌမတန်း ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း ရန်ကုန်တိုင်း၊ အထူးဆု-၃ မောင်အောင်ဟိန်း အဋ္ဌမတန်း အထက(၁) တောင်ကြီး ရှမ်းပြည်နယ် (တောင်ပိုင်း)၊ အထူးဆု-၄ မနှင်းကလျာကျော်မြင့် အဋ္ဌမတန်း အထက(၅) နေပြည်တော်၊ အထူးဆု-၅ မောင်စိုင်းသီဟအောင် အဋ္ဌမတန်း အထက(၁) သင်္ဃန်းကျွန်း ရန်ကုန်တိုင်းတို့ ရရှိကြသည်။

အဆင့်(၄) အသက် (၁၆-၁၈)နှစ်တန်းတွင် ပထမဆု မောင်ကျော်စင်သန့် AGTI ပထမနှစ်(ဗိသုကာ) နည်းပညာတက္ကသိုလ် တောင်ကြီး ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဒုတိယဆု မဆုရတနာထွန်း ဒသမတန်း အထက(၁) ကျောက်တံတား ရန်ကုန်တိုင်း၊ တတိယဆု မနေခြည်ကျော် ဒုတိယနှစ် ကွန်ပျူတာတက္ကသိုလ် မြိတ် တနင်္သာရီတိုင်းတို့ရရှိကြပြီး အထူးဆု-၁ မရွှေရည်ဝင်းထွန်း ဒသမတန်း အထက(၂) ဒဂုံ ရန်ကုန်တိုင်း၊ အထူးဆု-၂ မသီရိနန္ဒာရွှေဝါဘုန်း ဒသမတန်း အထက(၁၇) အောင်မြေသာစံ မန္တလေးတိုင်း၊ အထူးဆု-၃ မောင်အောင်ဝင်းလှိုင် ဒသမတန်း အထက(၁၀)မော်လမြိုင် မွန်ပြည်နယ်၊ အထူးဆု-၄ မောင်ပြည့်စုံချမ်းသာ ဒသမတန်း အထက(၇) မော်လမြိုင် မွန်ပြည်နယ်၊ အထူးဆု-၅ မောင်စည်သူဖြိုး ပထမနှစ် ပညာရေးကောလိပ် မော်လမြိုင် မွန်ပြည်နယ်တို့ ရရှိကြသည်။

အလွတ်တန်းတွင် ပထမဆု မောင်ဝင်းမြတ်သူ တောင်ဥက္ကလာပ ရန်ကုန်တိုင်း၊ ဒုတိယဆု မသဇင်စိုးမြင့် တာမွေ ရန်ကုန်တိုင်း၊ တတိယဆု ဒု-ဗိုလ်ဇင်ကိုကို အမှတ်(၃) ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ရင်း နေပြည်တော်တို့ရရှိကြပြီး အထူးဆု-၁ မအေးအိစိုးစံ လမ်းမတော် ရန်ကုန်တိုင်း၊ အထူးဆု-၂ ဦးကျော်ဆင့် တောင်ဥက္ကလာပ ရန်ကုန်တိုင်း၊ အထူးဆု-၃ ဒီဇိုင်းကိုသက် စမ်းချောင်း ရန်ကုန်တိုင်း၊ အထူးဆု-၄ ဒေါ်ခင်မျိုးမြင့်ရွှေ အောင်မြေသာစံ မန္တလေးတိုင်း၊ အထူးဆု-၅ မနှင်းလဲ့ဖြူ ကြည့်မြင်တိုင် ရန်ကုန်တိုင်းတို့ ရရှိကြသည်။

(ဆက်လက်ဖော်ပြပါမည်)

(သတင်းစဉ်)

တန်းမြင့်မြေတိုင်းနှင့် လုပ်ငန်းခွင်မြေတိုင်းသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန တန်းမြင့်မြေတိုင်း သင်တန်းအမှတ်စဉ်(၁၄)နှင့် လုပ်ငန်းခွင် မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်း အမှတ်စဉ်(၃၁)ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက တိုက်ကြီးမြို့ ဗဟိုမြေစာရင်း ဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း၌ ကျင်းပရာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမန်းစိုးဟန် တက်ရောက်၍ သင်တန်း အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးသန်းနှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား ၂၇၀ တက်ရောက်ပြီး သင်တန်းကာလမှာ ငါးလခွဲကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ကြည့်မြင်တိုင်မြို့နယ် ကမ်းနားဈေး မီးဘေးကြိုတင် ကာကွယ်တားဆီးရေး လုပ်ငန်းများနှင့် လျှပ်စစ်မီးကြိုး စနစ်တကျသွယ်တန်းတပ်ဆင်မှု ရှိ၊ မရှိကို ဇူလိုင် ၃ ရက်က အနောက်ပိုင်းခရိုင် မီးသတ်တပ်ဖွဲ့ ဦးစီးဌာနမှူး ရဲဗလစောထွန်းနှင့် အဖွဲ့ဝင်များ ဈေးရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (ကြေးမုံ)

❒ **ရှေ့ဖုံးမှ**

ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ဇူလိုင် ၅ ရက် နံနက် ၇ နာရီခွဲတွင် မန်တုံတပ်နယ်ခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် တပ်နယ် မိသားစုများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး သုတစုံ စာစောင်များကို ပေးအပ်သည်။

အားပေးစကားပြောကြား

ယင်းနောက် မန်တုံမြို့ရှိ (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံပြုပြင်ပြီးစီးမှု၊ ဆေးသိုလှောင်ခန်းနှင့် ခွဲစိတ်ခန်းများကို ကြည့်ရှုစစ်ဆေး၍ ဆေးဝါးကုသမှုခံယူလျက်ရှိသော ဒေသခံပြည်သူများအား အားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နွေစပါးရိတ်သိမ်းမှုအခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်

နေပြည်တော် ဇူလိုင် ၆

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ဇူလိုင် ၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာရှိ နွေစပါးရိတ်သိမ်းသည့် အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တာဝန်ရှိသူတစ်ဦးက မနောသုခစပါး စိုက်ပျိုးထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မနောသုခမျိုး နွေစပါးရိတ်သိမ်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား ကမ္ဘာ့ရန်ပုံငွေအဖွဲ့မှ ဧည့်သည် လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၆

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား ကမ္ဘာ့ရန်ပုံငွေအဖွဲ့ (Global Fund Mission) မှ Portfolio Manager, Mr. Chrishan Thuraisinghan ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ရောဂါကြီးသုံးမျိုး တိုက်ဖျက်ရေးအတွက် ကမ္ဘာ့ရန်ပုံငွေအဖွဲ့ အထောက်အပံ့ လုပ်ငန်းကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ငှက်ဖျား၊ တီဘီ၊ ခုခံကျကာလသားရောဂါ တိုက်ဖျက်ရေး စီမံချက်မှ စီမံချက်မန်နေဂျာများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်၊ ချောင်း၊ အင်းအိုင် အနှံ့အပြား၌ မျိုးရည်ပြည့်ဝသော ငါးထီးကြီးများနှင့် ဥများဖြင့် ပြည့်နေသော ငါးမကြီးများသည် ဥချရန် နေရာရှာဖွေ၍ ငါးရစ်တက်ကြသည်။

ထိုငါးရစ်တက်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ဖွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်လေးများသည်လည်း သေကျေပျက်စီးကာ တစ်နိုင်ငံလုံး ဖူလုံစွာစားသုံးမှုနှင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူမပြုနိုင်တော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်သည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာ စာအမှတ် (၂/၉၂) ဖြင့် ငါးရစ်၊ ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများ ဖမ်းဆီးခြင်း မပြုရန် တားမြစ်ထားသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက "ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ(၄၅)"အရ ဖမ်းဆီးတရားစွဲဆိုအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် လွတ်လပ်စွာ ဥချသားပေါက်နိုင်ရန် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

၂၀၁၀ ခုနှစ်၊ ဇူလိုင် ၁၁ ရက်၊ တနင်္ဂနွေနေ့

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့

ပညာရေးဝန်ကြီးဌာန

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှိုးဆော်

နေပြည်တော် ဇူလိုင် ၆

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာကဏ္ဍ နှစ်ရှည်စီမံကိန်းလုပ်ငန်းစဉ်များကို တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပညာသင်နှစ်အလိုက် အခြေခံပညာကျောင်းအားလုံးတွင် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများကို ပညာရေး ပြက္ခဒိန်ရေးဆွဲသတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ဇူလိုင် ၁၁ ရက် (တနင်္ဂနွေနေ့)ကို ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အဖြစ် သတ်မှတ်ထားပြီးဖြစ်သဖြင့် အဆိုပါနေ့ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းအလိုက် ကျောင်းအုပ်ကြီးများ၏ ဦးဆောင်မှုဖြင့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အပြည့်အဝ ပူးပေါင်းဆောင်ရွက်ကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တွေ့ဆုံ

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား ကမ္ဘာ့ရန်ပုံငွေအဖွဲ့ (Global Fund Mission) မှ Portfolio Manager, Mr. Chrishan Thuraisinghan ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း (ရုံးချုပ်)မှ စိုက်ပျိုးပညာပေးအဖွဲ့က စိုက်ပျိုးရေးပညာပေး

ရန်ကုန် ဇူလိုင် ၆

နေပြည်တော် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(ရုံးချုပ်)ရှိ စိုက်ပျိုးပညာပေးအဖွဲ့မှ ဒုတိယအထွေထွေမန်နေဂျာ ဦးတင်မောင်ထွန်းနှင့်အဖွဲ့သည် ဇွန် ၁၆ ရက်တွင် သထုံခရိုင်မန်နေဂျာရုံးနှင့် မော်လမြိုင်ခရိုင်မန်နေဂျာရုံးတို့၌ လည်းကောင်း၊ ပေါင်မြို့နယ် ဖြူဘကျေးရွာအုပ်စု၌ လည်းကောင်း မွန်ပြည်နယ်အတွင်းရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဝန်ထမ်းများအား တွေ့ဆုံ၍ ၂၀၁၀-၂၀၁၁ ခုနှစ် မိုးစပါး စိုက်ပျိုးရာသီချိန်အတွင်း ဆောင်ရွက်ရမည့် မျိုးကောင်းမျိုးသန့် သုံးစွဲရေးလုပ်ငန်းများ၊ မြေယာပြုပြင်၍ စိုက်စနစ်မှန်ကန်ရေး၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်းစနစ်များနှင့် ဆောင်းဆီထွက်သီးနှံနှင့် ပဲမျိုးစုံတိုးချဲ့စိုက်ပျိုးနည်းစသည်တို့ကို အသေးစိတ်ပညာပေးဆွေးနွေးကြပြီး လက်ကမ်းစာစောင်များနှင့် ပညာပေးကားချပ်များကို ဖြန့်ဝေပေးခဲ့သည်။

ယင်းပညာပေးဆွေးနွေးပွဲသို့ ပြည်နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပြည်နယ်မန်နေဂျာနှင့် ဝန်ထမ်း ၁၃၆ ဦး၊ လယ်သမား ၃၀၀ တို့ တက်ရောက်၍ မရှင်းလင်းသည်များကို အပြန်အလှန် ဆွေးနွေးကြသည်။

အဆိုပါ အဖွဲ့သည် ဇွန် ၁၄ ရက်မှ ၁၇ ရက်အထိ မွန်ပြည်နယ်အတွင်းရှိ စိုက်ကွင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးစပါး စုပေါင်းထွန်ယက်စိုက်ပျိုးပွဲသို့ ကရင်ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း တက်ရောက်

နေပြည်တော် ဇူလိုင် ၆

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းသည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၉ ရက်တွင် ဘားအံမြို့နယ် ဇာသပြင်ကျေးရွာအနီး မိုးစပါးစုပေါင်းထွန်ယက်စိုက်ပျိုးနေမှုအား ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တောင်သူများနှင့်တွေ့ဆုံကာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌသည် တောင်သူကုန်းကျေးရွာအနီးရှိ ဘားအံငါးလုပ်ငန်းစခန်းသို့ ရောက်ရှိပြီး ငါးသားပေါက်များ ရှင်သန်ပေါက်ပွားနေမှုတို့အား လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဥက္ကဋ္ဌသည် ဇာသပြင်-ဘားအံလမ်းတစ်လျှောက် မိုးစပါးစိုက်ပျိုးနေမှုအခြေအနေတို့ကို ကြည့်ရှုအားပေးသည်။

ရေကြီးမှုကာကွယ်

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌသည် ဘားအံမြို့နယ် မဲဘောင်-နောင်လုံချောင်းဒေသ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန် ဆောင်ရွက်နေမှုအခြေအနေတို့အား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌသည် ဘားအံမြို့မဈေးကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဈေးအတွင်း မီးအန္တရာယ်ကင်းဝေးရေး ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

▲ **အင်ဒိုနီးရှားနိုင်ငံ၏မှ**

သော်မဆင်သည် ကမ္ဘာ့နိုင်ငံပေါင်း ၁၆ နိုင်ငံရှိ ရေခဲမြစ်များကို စူးစမ်းလေ့လာနိုင်ရန် လေ့လာရေးခရီးစဉ် ၅၅ ကြိမ်ထက်မနည်းကို ဦးဆောင်ခဲ့သူဖြစ်သည်။

သေးငယ်လာ

ပန်ကက်ဂျာယားရေခဲမြစ်သည် စိုးရိမ်ဖွယ်ကောင်းလှသည့်နှုန်းဖြင့် တစ်စတစ်စ သေးငယ်လာနေကြောင်း ပါမောက္ခ သော်မဆင်က ပြောကြားသည်။

သော်မဆင်နှင့်အဖွဲ့သည် ပန်ကက်ဂျာယားတောင်ထွတ်အောက် မီတာ ၁၂၀ အကွာတွင် စခန်းချကာ အသေးစိတ်လေ့လာခဲ့သည်။

သော်မဆင်သည် လွန်ခဲ့သည့်နှစ်က ပီရူးနိုင်ငံ အင်ဒီးစ်တောင်တန်းဒေသရှိ ရေခဲမြစ်များကို ကွင်းဆင်းလေ့လာခဲ့သည်။

ပန်ကက်ဂျာယားရေခဲမြစ်၏ အူတိုင်များကို အနာဂတ်ကာလတွင် တူးဖော်ရယူနိုင်တော့မည် မဟုတ်ကြောင်း၊ ပန်ကက်ဂျာယားရေခဲမြစ်သည် ၁၉၃၆ ခုနှစ်နောက်ပိုင်း ရေခဲတည်ရှိမှု ၈၀ ရာခိုင်နှုန်း ဆုံးရှုံးခဲ့ရပြီဖြစ်ကြောင်း သော်မဆင်က ပြောကြားသည်။

အင်တာနက်။

သစ်တော သစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

အာဖဂန်နစ္စတန် မူးယစ်ဆေးဝါးစစ်ဆင်ရေးတွင် စစ်သွေးကြွနှင့် မူးယစ်မှောင်ခို ၆၀ ကျော်သေဆုံး

ကဘူး ဇူလိုင် ၆

ဟဲလ်မန်ပြည်နယ်အတွင်း ပြုလုပ်ခဲ့သော သုံးရက်ကြာ ဘိန်းစစ်ဆင်ရေးအတွင်း စစ်သွေးကြွနှင့် မူးယစ်ဆေးဝါး တရားမဝင် ရောင်းဝယ်သူ ၆၀ကျော် သေဆုံးကြောင်း အာဖဂန်အစိုးရက တနင်္လာနေ့တွင် ကြေညာသည်။

ဖျက်ဆီးခဲ့

လက်နက်များ၊ ဖောက်ခွဲရေးပစ္စည်းများ၊ အသေခံဗုံးခွဲအင်္ကျီများနှင့်အတူ မူးယစ်ဆေးဝါး ၁၆ တန်ကျော်ကို ဖမ်းဆီးရမိခဲ့သည်ဟု ဖော်ပြသည်။ အာဖဂန်တပ်ဖွဲ့များက မူးယစ်ဆေးဝါး ထုတ်လုပ်သော စခန်းနှစ်ခုကို ဖျက်ဆီးခဲ့သည်ဟုဆိုသည်။

အစိုးရနှင့် ပူးပေါင်းသည်ဟု စွပ်စွဲပြီး စစ်သွေးကြွတို့က ဖမ်းဆီးထားသော ရွာသူ၊ ရွာသားများကို ပြန်လည်ကယ်တင်နိုင်ခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

အဓိကအရင်းအမြစ်

အာဖဂန်နစ္စတန်သည် ကမ္ဘာ့ဘိန်း ထွက်ရှိမှု၏ ၉၀ရာခိုင်နှုန်းကို ထုတ်လုပ်၍ မူးယစ်ဆေးဝါးရောင်းဝယ်ခြင်းမှ ရရှိသောငွေသည် သောင်းကျန်းသူများ၏ ရန်ပုံငွေ ရရှိရာ အဓိကအရင်းအမြစ်ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဟာရီကိန်းမုန်တိုင်းအဲလက်စ် တိုက်ခတ်မှုကြောင့် မက္ကဆီကိုနိုင်ငံ မွန်ထရေးမြို့မှ လာဆီလာမြစ်ရေလျှံနေသည်ကို ဇူလိုင် ၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်တောင်ပိုင်း ဗုံးများပေါက်ကွဲမှု နေတိုးတပ်ဖွဲ့ဝင် လေးဦးသေဆုံး

ကဘူး ဇူလိုင် ၆

အာဖဂန်နစ္စတန်တောင်ပိုင်းတွင် ဗုံးများ ပေါက်ကွဲခြင်းကြောင့် အမေရိကန် ဦးဆောင်သော တပ်ဖွဲ့ဝင်လေးဦး သေဆုံးသည်။

အာဖဂန်နစ္စတန်တောင်ပိုင်းတွင် ဗုံးခွဲတိုက်ခိုက်ခြင်းများကြောင့် အတွက်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးကြောင်း မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)က အင်္ဂါနေ့တွင် ကြေညာချက်ထုတ်ပြန်သည်။

အဆိုပါ သေဆုံးသော တပ်ဖွဲ့ဝင်တို့သည် မည်သည့်နိုင်ငံသားများဖြစ်ကြောင်း ကြေညာခြင်း မပြုပေ။

ယခုနှစ်အတွင်း အာဖဂန်နစ္စတန်၌ သေဆုံးသောအမေရိကန် ဦးဆောင်သည့် တပ်ဖွဲ့ဝင်အရေအတွက်သည် ၃၃၅ဦးဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

အရှေ့အလယ်ပိုင်းဒေသ၌ စစ်ဖြစ်ရန် အလားအလာရှိဟု ဆီးရီးယားပြောကြား

ဒမတ်စကတ် ဇူလိုင် ၆

အစ္စရေးနှင့် တူရကီနိုင်ငံတို့အကြား ဖြစ်ပေါ်နေသော တင်းမာမှုကြောင့် အရှေ့အလယ်ပိုင်းဒေသအတွင်း စစ်ဖြစ်ရန် အလားအလာပိုများလာသည်ဟု ဆီးရီးယားသမ္မတ ဘာရှာအယ်လ်အာဆတ်က အင်္ဂါနေ့တွင် ပြောသည်။

အစ္စရေးနှင့် တူရကီတို့၏ ဆက်ဆံရေးသည် အသစ်တဖန် ပြန်လည်ရှင်သန်မလာခဲ့သော် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ရှေ့ဆက်ရမည့် တူရကီ၏ အခန်းကဏ္ဍမှာ လွန်စွာခက်ခဲသွားမည်ဟု အာဆတ်က တနင်္လာနေ့တွင် သတိပေးခဲ့ကြောင်း အစ္စရေးဂျေရုဆလမ်ပို့စ် သတင်းစာက ဖော်ပြသည်။

၂၀၀၈ ခုနှစ်အတွင်း၌ တဲလ်အဗစ်နှင့် ဒမတ်စကတ်တို့အကြား တိုက်ရိုက်ဆွေးနွေးပွဲ လေးကြိမ်ဖြစ်မြောက်အောင် တူရကီက ကြားဝင်စေ့စပ်ပေးခဲ့သည်။ ယင်းဆွေးနွေးပွဲမှာ ၂၀၀၈ ခုနှစ် ဒီဇင်ဘာမှ ၂၀၀၉ ခုနှစ် ဇန်နဝါရီလအတွင်း ဖြစ်ပွားခဲ့သော ဂါဇာစစ်ပွဲကြောင့် ရပ်ဆိုင်းသွားခဲ့သည်။

တူရကီနိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသကို ထဲထဲဝင်ဝင်သိသူဖြစ်ကြောင်း၊ ဒေသတွင်း တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲအတွက် တူရကီနိုင်ငံအလွန်ရေးပါကြောင်း အာဆတ်က ထပ်လောင်းပြောကြားသည်။

မေ ၃၁ရက်က မြေထဲပင်လယ်အတွင်း နိုင်ငံတကာရေပိုင်နက်၌ ဂါဇာသို့ခုတ်မောင်းနေသော အထောက်အကူပေးရေး သင်္ဘောအုပ်စုကို အစ္စရေးရေတပ်က စီးနင်းတိုက်ခိုက်ခဲ့ရာ တူရကီနိုင်ငံသား ကိုးဦး သေဆုံးခဲ့ရသည့်အတွက် အစ္စရေးနှင့် တူရကီအကြား ဆက်ဆံရေးကို ထိခိုက်စေခဲ့သည်။

ထိုတိုက်ခိုက်မှုအတွက် အစ္စရေးက တရားဝင်တောင်းပန်ခြင်း မပြုလျှင် အစ္စရေးနှင့် ဆက်ဆံရေးအားလုံးကို ဖြတ်တောက်မည်ဟု တူရကီနိုင်ငံခြားရေးဝန်ကြီး အာမက်ဒါဗူတိုဂလူက တနင်္လာနေ့တွင် သတိပေးသည်။

သို့သော် အစ္စရေးနိုင်ငံခြားရေးဝန်ကြီး လိုင်ဗားမန်ကလည်း တဲလ်အဗစ်အနေဖြင့် တောင်းပန်မှုပြုမည်မဟုတ်ကြောင်း အလေးအနက်ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်ပြည်ထောင်စု၏ အီရန်နိုင်ငံအပေါ်သီးသန့် အရေးယူမှု တရုတ်နိုင်ငံ ဝေဖန်

ပေကျင်း ဇူလိုင် ၆

အမေရိကန်ပြည်ထောင်စုအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်စည်းဘောင်ကို ကျော်လွန်၍ အီရန်နိုင်ငံအား သီးခြား အရေးယူမှု မပြုလုပ်သင့်ကြောင်း တရုတ်နိုင်ငံက ကြာသပတေးနေ့တွင် ထုတ်ဖော် ပြောကြားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က အမေရိကန်သမ္မတဘားရတ်အိုဘားမားသည် အီရန်နိုင်ငံ၏ လောင်စာဆီတင်ပို့မှုကို ကန့်သတ်ရန်နှင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ အထီးကျန်စေရန် ရည်ရွယ်ရေးဆွဲထားသော ဥပဒေသစ်ကို သဘောတူလက်မှတ်ရေးထိုးခဲ့သည်။

ဝေဖန်

အမေရိကန်ပြည်ထောင်စုနှင့် အပေါင်းပါနိုင်ငံများသည် အီရန်နိုင်ငံကို ၎င်း၏ အငြင်းပွားဖွယ် နျူကလီးယားပြဿနာနှင့် ပတ်သက်၍ အရေးယူပိတ်ဆို့နိုင်ရန် တစ်ချက်လွှတ်ဥပဒေကို အသုံးပြုနေကြောင်း တရုတ်နိုင်ငံက ဝေဖန်ခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက လွန်ခဲ့သည့်လက ချမှတ်ခဲ့သော အီရန်နိုင်ငံအား အရေးယူပိတ်ဆို့မှု ဆုံးဖြတ်ချက်ကို မှန်ကန်မျှတစွာ အသုံးချရန်လိုကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အင်တာနက်။

နိုင်ငံတကာတပ်ဖွဲ့များ၏ ကျူးကျော်ဝင်ရောက်မှုကြောင့် စစ်ဘေးစစ်ဒဏ်ခံခဲ့ရသော အီရတ်နိုင်ငံ၏ မြင်ကွင်းကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်ဖွဲ့များ ၂၀၁၁ခုနှစ်နောက်ပိုင်း အီရတ်တွင်ချထားရန် လိုဖွယ်ရှိဟုဆို

ဘဂ္ဂဒက် ဇူလိုင် ၆

၂၀၁၁ခုနှစ်တွင် အမေရိကန်တပ်များ အီရတ်နိုင်ငံမှ ရုပ်သိမ်းမည်ဆိုပါက ဖြစ်ပေါ်လာမည့် ကာ့ဒ်လူမျိုးများနှင့် အာရပ်တို့၏ နယ်မြေအငြင်းပွားမှုဆိုင်ရာ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့များကို လိုအပ်နိုင်ဖွယ်ရှိကြောင်း အီရတ်နိုင်ငံမှ ထိပ်တန်းအမေရိကန်တပ်မှူးတစ်ဦးက ပြောကြားသည်။

ကာ့ဒ်တပ်ဖွဲ့များနှင့် အာရပ်များ လွှမ်းမိုးသော အီရတ်တပ်ဖွဲ့များအနေဖြင့် ၂၀၁၁ ခုနှစ်၌ ရင်ကြားစေ့၍ မရခဲ့ပါက ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့က ကြားဝင်ဖြေရှင်းရန် လိုအပ်နိုင်ဖွယ်ရှိကြောင်း အမေရိကန်ဗိုလ်ချုပ်ကြီးရေးအိုဒီယာနိုက အင်္ဂါနေ့က ပြောကြားသည်။

ရေနံကြွယ်ဝ

ကာ့ဒ်လူမျိုးများ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသသည် ရေနံအရင်းအမြစ် ကြွယ်ဝသော ဒေသဖြစ်ပြီး နယ်မြေပိုင်ဆိုင်မှုအတွက် အီရတ် အာရပ်များနှင့် ကာလကြာရှည် အငြင်းပွားလျက်ရှိသော ဒေသဖြစ်သည်။

စည်းမျဉ်းဥပဒေများအရ ကုလသမဂ္ဂသည် ကမ္ဘာ့နိုင်ငံများ၌ ဖြစ်ပွားသော ပြည်တွင်းပဋိပက္ခများကို ကြားဝင်ညှိနှိုင်းဖြေရှင်းရေးအတွက် ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့များကို အသုံးပြုခွင့်ရှိသည်။ ***အင်တာနက်။***

ပင်လယ်နီ၌ ချောဆီတင်သင်္ဘော ပင်လယ်ဓားပြတို့ ပြန်ပေးဆွဲ

လန်ဒန် ဇူလိုင် ၆

ပင်လယ်နီတောင်ပိုင်းတွင် ဖိလစ်ပိုင်သင်္ဘောသား ၁၈ဦးနှင့်အတူ လောင်စာဆီတင်သင်္ဘောတစ်စင်းကို ပင်လယ်ဓားပြများက ပြန်ပေးဆွဲသွားကြောင်း ဥရောပသမဂ္ဂ(အီးယူ)အထူးရေတပ်ဖွဲ့က တနင်္လာနေ့တွင် ပြောကြားသည်။

ချောဆီများ တင်ဆောင်လာသည့် “ပိုတီဗေတာ”သည် ပင်လယ်နီနှင့် အေဒင်ပင်လယ်ကွေ့တို့အကြား ရေလက်ကြားအနီးတွင် တနင်္ဂနွေနေ့၌ တိုက်ခိုက်ခြင်းခံခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

အဆက်အသွယ် ပြတ်တောက်သွားပြီးနောက် တနင်္လာနေ့တွင် ၎င်းသင်္ဘော ပြန်ပေးဆွဲခံရကြောင်း အတည်ပြုသည်။

သင်္ဘောများအား ပြန်ပေးဆွဲမှု မြင့်တက်လာခြင်းကို တားဆီးရန်အတွက် အေဒင်ပင်လယ်ကွေ့အတွင်း၌ နိုင်ငံတကာရေတပ်သင်္ဘောများက ကင်းလှည့်လျက်ရှိသည်။

ကုန်သင်္ဘောများကို ပြန်ပေးဆွဲရာတွင် ဆိုမာလီအခြေစိုက် ပင်လယ်ဓားပြများသည် မြန်နှုန်းမြင့် မော်တော်ဘုတ်များကို အသုံးပြုလျက်ရှိသည်။ ယမန်နှစ်က ၎င်းတို့သည် မအောင်မြင်သောပြန်ပေးဆွဲမှု ၆၈ကြိမ်အပါအဝင် အကြိမ် ၂၀၀ကျော် တိုက်ခိုက်ခဲ့ရာ တရားဝင်မဟုတ်သော ကိန်းဂဏန်းများအရ ပြန်ပေးရွေးငွေ ဒေါ်လာ သန်း ၅၀ ရရှိသည်ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

၂၀၁၀ ပထမခြောက်လအတွင်း သေဆုံးသောသတင်းစာဆရာ ၅၉ ဦးရှိ

ဂျီနီဗာ ဇူလိုင် ၆

၂၀၁၀ ခုနှစ် ပထမခြောက်လအတွင်း အနည်းဆုံးသတင်းစာဆရာ ၅၉ ဦးသည် ၎င်းတို့ ထမ်းဆောင်သော လုပ်ငန်းကြောင့် အသတ်ခံခဲ့ကြရသည်ဟု ဆွစ်ဇာလန်အခြေစိုက်သတင်းစာဆရာများ အဖွဲ့အစည်းတစ်ခုက တနင်္လာနေ့တွင် ပြောကြားသည်။

ယခင်နှစ် သတင်းစာဆရာများ သေဆုံးမှုသည် ပထမခြောက်လအတွင်း ၅၃ဦးသာရှိပြီး ယခုနှစ်၌ ၅၉ ဦးသို့ တိုးလာကြောင်း အဆိုပါ ပုဂ္ဂလိကအင်ဂျီအိုအဖွဲ့က တနင်္လာနေ့ ထုတ်ပြန်ကြေညာချက်၌ ဖော်ပြထားသည်။

သတင်းစာသမားများကို ဒုစရိုက်ဂိုဏ်းများက အမြဲတစေ မျက်လုံးဒေါက်ထောက်ကြည့်ရှုလျက်ရှိသော မက္ကဆီကိုနိုင်ငံသည် ၎င်းတို့အတွက် အန္တရာယ် အထူပြောဆုံးဖြစ်၍ သေဆုံးမှုအရေအတွက်လည်း အမြင့်ဆုံးဖြစ်ကြောင်း ပီအီးစီ၏ ကြေညာချက်တွင် ဖော်ထုတ်ထားသည်။

၂၀၀၀ ပြည့်မှစ၍ မက္ကဆီကိုနိုင်ငံတွင် သေဆုံးခဲ့ကြရသောသတင်းစာဆရာ အရေအတွက်သည် အနည်းဆုံး ၆၁ဦးရှိကြောင်း မက္ကဆီကိုအမျိုးသား လူ့အခွင့်အရေးကော်မရှင်က ပြောကြားသည်။

ထို့အပြင် ဟွန်ဒူးရပ်စ်၊ ပါကစ္စတန်၊ နိုင်ဂျီးရီးယားနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည်လည်း သတင်းသမားများအတွက် အန္တရာယ်အကြီးမားဆုံးသော နိုင်ငံများဖြစ်ကြောင်း ဆက်လက်ဖော်ပြသည်။

ဒုစရိုက်လောကသားများ၏အပြင် သတင်းစာဆရာများအသတ်ခံခဲ့ရသော အခြားအကြောင်းအရာများမှာ မျိုးနွယ်စုများအကြား တင်းမာမှု၊ နိုင်ငံရေးအငြင်းပွားမှုတို့ဖြစ်သည်ဟု ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

စပိန်နိုင်ငံ၌ နှစ်စဉ် ဇူလိုင် ၆ရက်တွင် စတင်ကျင်းပလေ့ရှိသည့် ဆန်ဖာမင်း နွားရိုင်းသတ်ပွဲတော်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပိုလ်အောင်ကျော်၊ ဆူးလေနှင့် အေးရှားဝေါလ် ဆိပ်ခံတံတားလုပ်ငန်းများ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ ကြည့်ရှုစစ်ဆေး

ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ အေးရှားဝေါလ် ဆိပ်ခံတံတား ကုန်လှောင်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၆

ဆိပ်ကမ်းလုပ်ငန်းများ သွက်လက်မှန်ကန် မြန်ဆန်ရေးနှင့် စွမ်းအားပြည့် ဆောင်ရွက်နိုင်ရေးကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၅ ရက် မွန်းလွဲပိုင်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အမှတ်(၃) ဗိုလ်အောင်ကျော်တံတားသို့ ရောက်ရှိလာပြီး ဗိုလ်အောင်ကျော် ကုန်သေတ္တာစခန်း၌ သွင်းကုန်နှင့် ထုတ်ကုန်ပစ္စည်းများကို စစ်ဆေးရေးအဖွဲ့များဖြင့် ဖွင့်ဖောက်စစ်ဆေးနေမှု၊ သိုလှောင်ရုံအတွင်း၌ပစ္စည်းများ စနစ်တကျ ထားသိုမှု၊ ကုန်သေတ္တာတင် မော်တော်ယာဉ်များကို X-Ray စက်ဖြင့် ဖြတ်သန်းမောင်းနှင်စစ်ဆေးနေမှုနှင့် ဗိုလ်အောင်ကျော်တံတား၌ သင်္ဘောကြီးပေါ်မှ ကုန်သေတ္တာများ တင်/ချနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သွင်းကုန်၊ ထုတ်ကုန်ပစ္စည်းများ စနစ်တကျစစ်ဆေးရေး၊ မြန်ဆန်မှုနှင့် မှန်ကန်မှုရှိအောင် ဆောင်ရွက်ရေး၊ မသမာမှုများ ကင်းဝေးစေရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ဆူးလေ အမှတ်(၅) ဆိပ်ခံတံတား၌ ဆိုက်ကပ်ထားသော သင်္ဘောပေါ်မှ ကုန်ပစ္စည်းများ မော်တော်ယာဉ်ပေါ်သို့ တင်/ချနေမှုကိုလည်းကောင်း၊ အေးရှားဝေါလ် ဆိပ်ခံတံတား ကုန်သိုလှောင်ရုံ၌ သွင်းကုန်၊ ထုတ်ကုန်ပစ္စည်းများကို စစ်ဆေးရေးအဖွဲ့များဖြင့် ဖွင့်ဖောက်စစ်ဆေးနေမှု၊ X-Ray စက်ဖြင့် မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင် စစ်ဆေးနေမှုနှင့် သင်္ဘောကြီးပေါ်မှ ကုန်သေတ္တာများတင်ချနေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက သွင်းကုန်၊ ထုတ်ကုန်ပစ္စည်းများကို စစ်ဆေးရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေး၊ ဆိပ်ကမ်းလုပ်ငန်းများ မှန်ကန်ချောမွေ့စေရေး ဂရုစိုက်ဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိရေးနှင့် လုံခြုံရေး ဂရုပြုရေးတို့ကိုမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေး အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ၌ သဘာဝဓာတ်ငွေ့ရရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

စက်ရုံ၊ အလုပ်ရုံများသို့ သဘာဝဓာတ်ငွေ့ဖြန့်ဖြူးပေးမှု စွမ်းအင် ဒုတိယဝန်ကြီး ဦးသန်းဌေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၆

စွမ်းအင်ဝန်ကြီးဌာနသည် ပြည်တွင်းရှိ သဘာဝဓာတ်ငွေ့သုံးစက်ရုံ၊ အလုပ်ရုံများသို့ သဘာဝဓာတ်ငွေ့တိုးမြှင့် ဖြည့်ဆည်းပေးနိုင်ရန် ၂၄ လက်မ ရတနာ-ရန်ကုန် ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို သတ်မှတ်ကာလအတွင်း အောင်မြင်စွာ ဆက်သွယ်ပြီးစီးပြီဖြစ်၍ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများနှင့် စက်ရုံ၊ အလုပ်ရုံများသို့ သဘာဝဓာတ်ငွေ့များကိုတိုးမြှင့်ဖြန့်ဖြူးပေးလျက်ရှိရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေးသည် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၅ ရက်တွင် ရန်ကုန်တိုင်းအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများသို့ သဘာဝဓာတ်ငွေ့ဖြန့်ဖြူးပေးနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရွာမ ကမ်းလွန်သဘာဝဓာတ်ငွေ့ ဖိအားထိန်းချုပ်/တိုင်းတာ ဖြန့်ဖြူးရေးစခန်းသို့ သွားရောက်၍ ရန်ကုန်မြို့တွင်းသို့ သဘာဝဓာတ်ငွေ့ဖြန့်ဖြူးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဖြန့်ဖြူးလျက်ရှိသော ဓာတ်ငွေ့ပိုက်လိုင်းအတွင်းမှ သဘာဝဓာတ်ငွေ့များကို ဖွင့်ထုတ်၍ သန့်ရှင်းမှု ရှိ၊ မရှိ မျက်မြင်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ရန်ကုန်မြို့တွင်းရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ လှော်ကား၊ သာကေတနှင့် အလုံ သဘာဝဓာတ်ငွေ့ ထိန်း/ဖြန့်စခန်းများသို့ သွားရောက်၍ သဘာဝဓာတ်ငွေ့ဖြန့်ဖြူးနေမှု အခြေအနေများနှင့် သဘာဝဓာတ်ငွေ့သန့်ရှင်းမှုရှိစေရေး ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ ရွာမ၊ လှော်ကား၊ သာကေတနှင့် အလုံ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများသို့ သွားရောက်၍ စက်ရုံမှူး၊ ဒုစက်ရုံမှူးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ စွမ်းအင်ဝန်ကြီးဌာနက ဖြန့်ဖြူးပေးလျက်ရှိသည့် သဘာဝဓာတ်ငွေ့ဖိအားနှင့် ပမာဏလုံလောက်စွာရရှိမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေး၍ စွမ်းအင်ဝန်ကြီးဌာနက ဆောင်ရွက်ပေးရန် ရှိသည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

မော်လမြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း သားသမီးများအား ပညာသင်ကြေးထောက်ပံ့

ရန်ကုန် ဇူလိုင် ၆

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဝန်ထမ်း သားသမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် စာရေးကိရိယာများနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇူလိုင် ၁ ရက်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေမြိုင်ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမြင့်က အမှာစကားပြောကြားပြီး ဝန်ထမ်း သားသမီး တက္ကသိုလ်အဆင့် ကျောင်းသား၊ ကျောင်းသူ ခြောက်ဦး၊ အခြေခံပညာအထက်တန်းအဆင့် ခုနစ်ဦး၊ အခြေခံပညာအလယ်တန်းအဆင့် လေးဦးတို့နှင့် အခြေခံပညာမူလတန်းအဆင့် ၁၁ ဦးတို့အား တာဝန်ရှိသူများက စာရေးကိရိယာများနှင့် ပညာသင်ထောက်ပံ့ကြေးကို ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်း သီရိမင်္ဂလာရိပ်သာနေ ဦးခင်မောင်သန်းအားရည်စူး၍ ဇနီး ဒေါ်ခင်မေအုန်းနှင့် သားသမီးမြေး တစ်စုတို့က FEC - ၁၀၀၀နှင့် ထာဝရ ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် အထွေထွေပဒေသာပင် တစ်နေ့လုံးစာ အထူးအာဟာရ ကျွေးမွေးရန်အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

သထုံမြို့နယ်အသင်း စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၆

သထုံမြို့နယ်အသင်း (ရန်ကုန်) စုပေါင်းလှူဒါန်းပွဲနှင့် အသက် ၇၅ နှစ်နှင့်အထက် အသင်းဝင်များ သက်ကြီးပူဇော်ပွဲကို ဇူလိုင်၁၈ ရက်(ဝါဆိုလဆန်း ၈ ရက်) တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် မဟာဝိဇယကုန်းမြေ သထုံမြို့နယ်အသင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်၍ အသင်းဝင်တိုင်း တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်းနှင့် အလှူငွေများကို ဥက္ကဋ္ဌ ဦးခင်မောင်ပြုံး ဖုန်း-၂၁၁၆၅၈၊ ဒုတိယဥက္ကဋ္ဌ ဦးစန်းလွင် ဖုန်း-၅၇၈၇၁၇၊ အတွင်းရေးမှူး ဦးတင်အောင်ညွှန့် ဖုန်း-၆၄၁၆၄၆၊ ဘဏ္ဍာရေးမှူး ဒေါ်ချိုချို ဖုန်း-၅၁၀၁၇၅နှင့် နီးစပ်ရာအမှုဆောင်များထံ လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

သန်လျင်စည်ပင် နန်းဟေဝန်ပန်းခြံ တိုင်းညွှန်မှူး စစ်ဆေး

ရန်ကုန် ဇူလိုင် ၆

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နေပြည်သူများ စိတ်လက်ကြည်သာစွာ အပန်းဖြေနားနေနိုင်ရေးအတွက် နန်းဟေဝန်ပန်းခြံအတွင်း ကွန်ကရစ်လျှောက်လမ်းများ အသစ်ခင်းခြင်း၊ ပန်းအလှပင်များ အစားထိုးဖြည့်တင်းစိုက်ပျိုးခြင်း၊ ရေပန်းကန်များ ပြုပြင်ခြင်း၊ ကလေးကစားကွင်းတို့ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ဇူလိုင် ၃ ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကွင်းဆင်းစစ်ဆေးခဲ့ရာ**(အပေါ်ပုံ)** အဖွဲ့အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦး၊ အင်ဂျင်နီယာမှူး ဦးမြင့်စိုးနှင့် ပန်းခြံတာဝန်ခံ လက်ထောက်အင်ဂျင်နီယာ ဒေါ်ချောစုဇံတို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဆေးပစ္စည်းများ လှူဒါန်း

ရန်ကုန် ဇူလိုင် ၆

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် ယနေ့ ညနေ ၃ နာရီတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ အများပြည်သူများ အသုံးပြုရန်အတွက် ဆေးပစ္စည်းများ သွားရောက်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆေးပစ္စည်းများ

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က လှူဒါန်းခဲ့သည့် ဆေးပစ္စည်းများမှာ Plastic Plaster 3 Box, Hansaplast 1 Box, Paracetamol 69 Cards, Pacidox 10 Cards, Dicotil 53 Cards, Amoxicillin 4 Box, Cetirizine Hydrochloride Tablets 3 Box နှင့် Cloxalin 2 Box တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အသားကဏ္ဍ ပြည်ပပို့ကုန် တိုးမြှင့်ရေးအစည်းအဝေး ဝန်ကြီး ဦးမောင်မောင်သိမ်း အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၆

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ အသားကဏ္ဍ ပြည်ပပို့ကုန် တိုးမြှင့်ရေး အစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမြင့်သိန်းက အသားကဏ္ဍ ပြည်ပပို့ကုန်တိုးမြှင့်ရေး ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းပေါင်းစပ်

ယင်းနောက် တက်ရောက်လာကြသော လုပ်ငန်းရှင်များက ပြည်ပပို့ကုန် ရည်မှန်းချက် ပြည့်မီရေး ဆောင်ရွက်လျက်ရှိမှုနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုသည့် အချက်များကို တင်ပြကြရာ ဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အသားကဏ္ဍ ပြည်ပပို့ကုန်လုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရှင်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ အသားကဏ္ဍ ပြည်ပပို့ကုန် တိုးမြှင့်ရေး အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (မွေး/ရေ)

ဝန်ကြီး ဦးဇော်မင်း ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၆

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၅ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း ရွှေကျင်မြို့၏ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ကျောက်နဂါးကျေးရွာအနီး အမှတ်(၄) တည်ဆောက်ရေးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးအား တည်ဆောက်ရေး ညွှန်ကြားရေးမှူးက ပင်မတမံ၏ အထက်ပိုင်းနှင့် အောက်ပိုင်းရှိ ကျောက်စီလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ တမံအတွင်း ရေသိုလှောင်ထားရှိမှုနှင့် ရေလွှဲရေထုတ်ပြွန် Concrete Plug လုပ်ငန်း ဆောင်ရွက်နေမှု၊ ပင်မရေပိုလွှဲလုပ်ငန်း၏ Access Bridge တည်ဆောက်ပြီးစီးမှု၊ Gantry Crane Beam လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရေခေါ်မြောင်း ဝဲ/ယာ Slope Protection လုပ်ငန်းဆောင်ရွက်ထားရှိမှု၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ စက်ရုံအတွင်း Unit 1,2,3,4 တို့တွင် ကွန်ကရစ် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ စက်မှု လျှပ်စစ်တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဓာတ်အားပေးစက်ရုံ Tailrace channel ကွန်ကရစ် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆွစ်ယာဒ်တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆွစ်ယာဒ် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမော်သာထွေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး စီမံကိန်းရှိ လုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရေးနှင့် လုပ်ငန်းတစ်ခုချင်းအလိုက် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြီးစီးအောင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရေး၊ လုပ်ငန်းခွင်သုံး ပစ္စည်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သုံးစွဲကြရေးနှင့် စက်အစိတ်အပိုင်းများ တပ်ဆင်ရာတွင်လည်း စနစ်တကျနှင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ပင်မရေပိုလွှဲလုပ်ငန်း တည်ဆောက်ရေးလုပ်ငန်းခွင်၌ Gantry Crane Beam များ တပ်ဆင်ပြီးစီးမှု၊ ပင်မတမံပေါ်မှ မော်တော်ယာဉ်ဖြင့် ဖြတ်သန်း၍ ပင်မတမံ အထက်ပိုင်းနှင့် အောက်ပိုင်းရှိ ကျောက်စီလုပ်ငန်းများ ဆောင်ရွက်နေမှု၊ တမံဝဲဘက်ကမ်းရှိ EL-215m ရှုရပ်မှနေ၍ တမံအတွင်း ရေဝင်ရောက်နေမှုနှင့် ဆွစ်ယာဒ် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းခွင်၌ စက်ရုံအတွင်း Unit 1,2,3,4 တို့တွင် ကွန်ကရစ် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ စက်မှု လျှပ်စစ်တပ်ဆင်ရေးလုပ်ငန်းများအဆင့်ဆင့် ဆောင်ရွက်နေမှုနှင့် Decoration Work များ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၇-၇-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ မျိုးမျိုးကွဲကွဲယဉ်ကျေးမှုအက
- ၈း၁၅ ၇။ “ပုသိမ်မှန်စက်ရုံ”
- ၈း၃၀ ၈။ အကပြိုင်ပွဲ
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၅ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၃၀ ၄။ အတီးပြိုင်ပွဲ
- ၄း၃၅ ၅။ သီချင်းကြီးပဒေသာ
- ၄း၄၅ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - ပထမနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ)
- ၅း၀၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၁၀ ၈။ “ဟူးကောင်းကျားထိန်းသိမ်း ရေးနယ်မြေဆီသို့”
- ၅း၂၅ ၉။ ရုပ်မြင်ရသတေးစုကဏ္ဍ
- ၅း၃၅ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၅း၄၅ ၁၁။ ကမ္ဘာ့ဖလားပုံရိပ်များ(အပိုင်း-၁၃)
- ၆း၀၀ ၁၂။ ညနေခင်းသတင်း
- ၆း၁၅ ၁၃။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၄။ မြန်မာ့ဝေလေ့ရိုးရာလက်ဝှေ့
- ၆း၄၅ ၁၅။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇း၁၅ ၁၆။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
- ၇း၄၅ ၁၇။ အလင်္ကာကျော်စွာ ရွှေပြည်အေး နှစ်တစ်ရာပြည့် တေးဂီတအစီအစဉ်(အပိုင်း-၃)
- ၈း၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ တို့အိမ်ကလေး (တေးဆို-နေရဲမာန်၊ တေးရေး-OVATIONအဖွဲ့)
- ၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်တေးသံသာ”(အပိုင်း-၅၇)**
- ၂၃။ **မြန်မာရုပ်ရှင် “တို့အချစ်ကဒီလို” (ရန်အောင်၊ခင်သီတာထွန်း နှစ်ကိုယ်ခွဲ) (ဒါရိုက်တာ-အောင်မြင့်မြတ်)**
- ၂၄။ Football Planet (၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပွဲကြိုသုံးသပ်ချက်)
- ၂၅။ အစီအစဉ်ပြီး၏။

နံနက်ပိုင်း

၈-၇-၂၀၁၀(ကြာသပတေးနေ့)

- ၁း၀၀ ၁။ **ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဂျာမနီအသင်းနှင့်စပိန်အသင်း)**

ရွှေးကောက်ပွဲဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၆

ရန်ကုန် တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ ရွေးကောက်ပွဲဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက် ၈ နာရီတွင် သန်လျင်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ ရန်ကုန်တိုင်း ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကိုကိုက အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းပို့ချ

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများ၊ ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းတာဝန်များ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပို့ချကြသည်။

သင်တန်းဖွင့်ပွဲသို့ ရန်ကုန်တောင်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြတ်စိုးနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ သန်လျင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးချစ်ညွှန့်နှင့်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ သန်လျင်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများမှ သင်တန်းသား ၅၆၃ ဦးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ဇွန် ၁၀ ရက်က ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဟန်ရှိန် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာအမျိုးသမီးများနေ့အခမ်းအနား ဂန့်ဂေါခရိုင်၌ ကျင်းပ

ဂန့်ဂေါ ဇူလိုင် ၆

ဂန့်ဂေါခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက်တွင် ဂန့်ဂေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်စိန်က အမှာစကားပြောကြားပြီး မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးဥမ္မာဝင်းက မြန်မာအမျိုးသမီးများနေ့ ဖြစ်ပေါ်လာပုံ၊ အတွင်းရေးမှူး ဒေါ်အေးအေးက ယဉ်ကျေးလှပ မြန်မာအမျိုးသမီးဘဝ၊ အဖွဲ့ဝင် ဒေါ်ခင်အုန်းမြင့်က မိခင်မှ ရင်သွေးသို့ HIV ပိုး ကူးစက်မှုကင်းဝေးရေး ခေါင်းစဉ်များဖြင့် ဟောပြောကြသည်။

ထို့နောက် ခရိုင် အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ခရိုင်နှင့် မြို့နယ်အဆင့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုရရှိကြသူများနှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ကြသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရှိရသည်။ (ခရိုင်ပြန်/ဆက်)

သာသနာရေးဝန်ကြီးဌာန ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်အတွက် တစ်လုံးတစ်ခဲတည်းချီးမြှင့်ငွေ ပေးအပ်ပွဲနှင့် ဝန်ထမ်းသားသမီးများ ပညာသင်စရိတ် ပေးအပ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၆

သာသနာရေးဝန်ကြီးဌာန ၂၀၁၀ ခုနှစ် ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်အတွက် တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေ ပေးအပ်ပွဲနှင့် ဝန်ထမ်း သားသမီးများအား ပညာသင်စရိတ် ချီးမြှင့်ငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန စုံညီခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ ရုံးအဖွဲ့မှူး၊ ဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး သူရဦးမြင့်မောင်က အဖွင့်အမှာစကား ပြောကြားပြီး အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် မဟာဌာနမှူး၊ ပါမောက္ခ ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒက ထပ်ဆောင်းလှူဒါန်းသော ပညာသင်စရိတ် ငွေကျပ် ၁၈၂၄၀၀၀ ကို လည်းကောင်း၊ အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်သဇင်မြင့်အောင်က လှူဒါန်းသော ငွေကျပ် လေးသိန်းတန်ဖိုးရှိ ဗလာစာအုပ် ဒါဇင် ၁၅၀ ကို လည်းကောင်း လက်ခံ၍ ၂၀၁၀ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူ ဝန်ထမ်း ၁၀ ဦးတို့ထံ တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဝန်ထမ်းများနှင့် သားသမီးများအတွက် ပညာသင်စရိတ်များကို ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးဇော်ရွှေက တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရရှိခဲ့သူ ၁၀ ဦးတို့အား လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်က အားကစားထူးချွန်ဆုနှင့် သင်တန်းထူးချွန်ဆု ရရှိသူတို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး ဆုရရှိသူများကိုယ်စား ဝန်ထမ်းတစ်ဦးက ကျေးဇူးတင် စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း နေပြည်တော်ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှု စာသင်ခန်းများနှင့် အထက်တန်းအဆင့် သင်ကြားသင်ယူနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော်ရှိ အခြေခံပညာအထက်တန်းကျောင်းများ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၆

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်လယ်ဝေးမြို့နယ် အောင်စည်လာရွာရှိ အမှတ်(၁၅) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူး၊ တွဲဖက်ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံရာ မြို့နယ်ပညာရေးမှူးက မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများ၏ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်း၊ တွဲဖက်ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများက ကျောင်းသားအင်အားနှင့်ဆရာ၊ ဆရာမအင်အားအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ဆွေးနွေးမှာကြားပြီး ကျောင်းအတွက် လိုအပ်သော ကွန်ပျူတာခန်းသုံးပစ္စည်းများ၊ သိပ္ပံလက်တွေ့ခန်းသုံးပစ္စည်းများ၊ ကျောင်းစာကြည့်တိုက်အတွက် ပရိဘောဂနှင့် စာအုပ်စာတမ်းများကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် အခြေခံပညာအထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် သင်ကြားသင်ယူနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ကျောင်းသား၊ ကျောင်းသူများအား စာကြိုးစားသင်ယူကြရန်၊ ယဉ်ကျေးလိမ္မာကြရန်၊ ထူးချွန်ထက်မြက်ပြီး နိုင်ငံအတွက် အားကိုးအားထားပြုနိုင်သည့် နိုင်ငံ့သားကောင်းများဖြစ်အောင် ကြိုးစားအားထုတ်ကြရန် တိုက်တွန်းမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော်လယ်ဝေးမြို့နယ် သဲဖြူရွာရှိ နေပြည်တော် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကွန်ပျူတာခန်း၊ သိပ္ပံလက်တွေ့ခန်း၊ ကျောင်းစာကြည့်တိုက်၊ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုစာသင်ခန်းများနှင့် အထက်တန်းအဆင့် သင်ကြားသင်ယူနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပန်းအလှပင် စိုက်ပျိုး

ဘားအံမြို့ ဇွဲကပင်ပန်းခြံအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ပန်းခြံဝန်းကျင်တွင် အရိပ်ရပင်၊ ပန်းအလှပင်များ စိုက်ပျိုးနေမှုကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်းနှင့် အမှုဆောင်အရာရှိ ဦးတင်ကိုတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ တပ်ဖွဲ့ဝင် သားသမီးများ ပညာထူးချွန်ဆုပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၆

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်သူများ၊ ဂုဏ်ထူးရရှိကြသော တပ်ဖွဲ့ဝင်သားသမီး ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၃ရက် မွန်းလွဲ ၁ နာရီတွင် ပုဇွန်တောင်မြို့နယ် ၅၁လမ်းရှိ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် သားသမီးများဖြစ်ကြသည့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ်၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသော နှစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် နှစ်ဦး၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ၂၀ စုစုပေါင်း ၂၄ ဦးအား ခေတ္တတပ်ဖွဲ့မှူး ရဲမှူးစိုးမြင့်ဦးနှင့် ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး၏ ဇနီး ဒေါ်ခင်မာကြည်တို့က ပညာထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။**(အောက်ပုံ)**

(ကြေးမုံ)

စုပေါင်းသွေး လှူဒါန်း

ဇူလိုင် ၄ ရက်က မြောက်ဥက္ကလာပမြို့နယ် သွေးလှူရှင် အသင်း၏ ဦးဆောင်မှုဖြင့် (ဆ)ရပ်ကွက် သာသနပါလမ္ဗာရုံ ပရဟိတ အကျိုးဆောင်အဖွဲ့မှ သွေးလှူရှင် ၇၅ ဦးတို့က မြောက်ဥက္ကလာ သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီးတွင် ဆေးဝါးကုသမှု ခံယူနေကြသော လူနာများအတွက် ဆဋ္ဌမအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းကြရာ မြို့နယ်သွေးလှူရှင်အသင်း နာယက ဦးမြင့် (ကျိုက်လတ်မိုးမြင့်) နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။

(ကြေးမုံ)

ကြွက်မှတစ်ဆင့် ကူးစက်ရောဂါကာကွယ်ရေး နှိုးဆော်ချက်

၁။ ကြွက်များသည် လူတို့၏ စားနပ်ရိက္ခာနှင့်ပစ္စည်းများကို ဖျက်ဆီးတတ်ရုံမက ကူးစက်ရောဂါများကိုပါ သယ်ဆောင်လာတတ်ပါသည်။ အထူးသဖြင့် ပလိပ်ရောဂါသည် ကြွက်တို့၏ သန်းမှတစ်ဆင့် ကူးစက်ပြီး ကပ်ရောဂါဖြစ်စေနိုင်ပါသည်။ လူနာများမှတစ်ဆင့် ကူးစက်ကာ ကပ်ရောဂါဆိုးအသွင်လည်း ဖြစ်လာနိုင်ပါသည်။

၂။ သို့ဖြစ်ပါ၍

(က) မိမိတို့အိမ်၊ ရုံး၊ ဈေးနှင့် ပတ်ဝန်းကျင်တွင် ကြွက်များ ဝင်ရောက်ခိုအောင်း ပေါက်ပွားမှုမရှိအောင် ကာကွယ်ပါ။

(ခ) မိမိတို့အနီးအနားတွင် ကြွက်များ ရုတ်တရက်သေဆုံးပါက ပလိပ်ရောဂါကြောင့် သေဆုံးခြင်းဖြစ်နိုင်ကြောင်း သတိရှိပါ။

(ဂ) ပလိပ်ရောဂါသံသယရှိသော ကြွက်များကို စစ်ဆေးနိုင်ရန် နီးရာကျန်းမာရေးဌာနသို့ အကြောင်းကြားပါ။

ကျန်းမာရေးဝန်ကြီးဌာန

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန စိုက်ခင်း၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးသည် စိန်တလုံး သရက်ပင်ကို သတ်မှတ်နေရာ၌ စိုက်ပျိုးပေးသည်။ ယင်းနောက် ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများက သတ်မှတ်နေရာများ၌ စိန်တလုံး သရက်ပျိုးပင်များကို စိုက်ပျိုးကြသည်။

ဆက်လက်၍ ဝန်ကြီးသည် ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး စိုက်ပျိုးနည်းစနစ်များ၊ အပင်ရှင်သန်ဖြစ်ထွန်းမှုအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို မှာကြားခဲ့သည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက ၂၀၁၀ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် စိန်တလုံးသရက်ပင်ပျိုး အပင်တစ်သောင်း စိုက်ပျိုးသည့် မြေဧရိယာ အနေအထားနှင့် စိုက်ပျိုးထားမှု၊ အပင်ဖြစ်ထွန်းအောင် ဆောင်ရွက်မည့်လုပ်ငန်းများ စီစဉ်ဆောင်ရွက်ထားမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအနေဖြင့် ယခင်နှစ်များက တည်း၊ ကြောင်လျှာ၊ ဒန့်သလွန်၊ မန်ကျည်း၊ မရန်း၊ ကျွန်း၊ ပိတောက်၊ ပျဉ်းမ၊ ငုရွှေဝါ၊ ပျဉ်းကတိုး ၊မဟော်ဂနီနှင့် ပိန္နဲစသည့် သီးပင်၊ စားပင်နှင့် အရိပ်ရပင်ပေါင်း ၃၃၁၈ ပင် စိုက်ပျိုးခဲ့သည်။ ယခင်နှစ်များက စိန်တလုံး သရက်ပင် ၁၈၅၅ ပင် စိုက်ပျိုးခဲ့ပြီး ယခု ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတွင် စိန်တလုံးသရက်ပင် ၈၁၄၅ ပင်စိုက်ပျိုးကာ စုစုပေါင်း အပင် ၁၀၀၀၀ စိုက်ပျိုးပြီးစီးကြောင်း သိရှိရသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိန်တလုံးသရက်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ကွယ်လွန်သူ ဒေါ်ခင်ကြည်ကိုယ်စား ရန်ကုန်မြို့ ဘောက်ထော် ရန်ကင်းမြို့နယ်နေ ဗိုလ်မှူးကြီးတင်သိန်းလွင် (ငြိမ်း)က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရနဝကမ္မ ငွေပဒေသာပင် အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။

(သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်သည် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး၌ ကျင်းပသည့် ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ ဝန်ကြီး ဦးသိန်းညွန့်က ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် စည်ပင်သာယာရေး ဦးစီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ သရက်ပင်စိုက်ကွက်တို့၌ စိန်တလုံးသရက်ပင် တစ်ပင်စီကို စိုက်ပျိုးပေးသည်။

စိုက်ပျိုးပေး

ထို့နောက် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က သတ်မှတ်နေရာများတွင် စိန်တလုံးသရက်ပင်များကို အသီးသီး စိုက်ပျိုးပေးကြသည်။

ဝန်ကြီး ဦးသိန်းညွန့်သည် ဦးစီးဌာနများ၏ သရက်ပင်စိုက်ကွက်များအတွင်း ဝန်ထမ်းများ၏ စိန်တလုံးသရက်ပင် စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ မိုးရေလှောင်တမံအား ရေပိုမိုသိုလှောင်နိုင်ရေးအတွက် တမံအမြင့်နှင့် ရေပိုလွှဲ အမြင့် မြှင့်တင်ဆောက်လုပ်နေမှုကို လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ သရက်ပင် စိုက်ပျိုးနေမှု၊ စိုက်ပျိုးပြီး ပျိုးပင်များကို ပေါင်းသင်၊ မြေဆွ၊ မြေဩဇာကျွေးနေမှုနှင့် ရေလှောင်တမံများအတွင်း ရေဝင်ရောက်မှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယနေ့ကျင်းပသည့် ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ စိန်တလုံးသရက် ၇၃၃ ပင်နှင့် နှစ်ရှည် စားပင်၊ သီးပင်၊ အရိပ်ရလေကာပင် ၅၃၀ စုစုပေါင်း ၁၂၆၃ ပင်တို့ကို စိုက်ပျိုးကြပြီး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် စိန်တလုံးသရက် ၅၀၀၀၊ ပိန္နဲ ၄၅၀၊ အုန်း ၃၀၀၊ မရန်း ၁၀၀ အပါအဝင် နှစ်ရှည်သီးပင်၊ စားပင် ၇၉၅၀၊ အရိပ်ရလေကာပင်နှင့် ပန်းအလှပင် ၅၅၅၀ တို့ကို စိုက်ပျိုးထားရှိကာ နှစ်ရှည်စားပင်၊ သီးပင်များကို ဆက်လက် တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၇-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

AM & PM

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ "ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ" တရားတော် (သဖင်ရေကျော်ဆရာတော် အရှင်ဉာဏောဘာသ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၃၉)**
- ၈:၃၀ Industrial Talk [ဒေါက်တာအောင်သိန်း၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
- ၉:၀၀ Activities In the City
  - ကမ္ဘာ့အရပ်အပုဆုံးလူသား အဖြစ်ခန့်မှန်းခြေရှိသူ လူသားအားမိတ်ဆက်တင်ပြခြင်း
  - အကျဉ်းဦးစီးဌာန၏ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနား
- ၉:၂၀ အုတ်မြစ်အခြေခံ၊ ခိုင်ခံ့စေရန်
- ၉:၄၀ အားကစားမြင်ကွင်းစုံ
- ၁၀:၃၀ ထူးခြားဆန်းကြယ်သော တောအုပ်ကလေး
- ၁၀:၅၅ ခတ်ပုံထဲမှ အမှတ်တရများ (အဆိုတော်ဖြူနှင့်တွေ့ဆုံခြင်း)
- ၁၁:၂၀ ကိုယ်ဝန်ဆောင်မိခင်များနှင့် HIV/AIDS ရောဂါ (ပါမောက္ခဒေါက်တာချစ်စိုး)
- ၁၁:၃၀ ညောင်ဇင်ရွာတစ်ထောက်နား စားဖွယ်ကများ
- ၁၁:၄၅ ဗီဒီယိုပြခန်း
- ၁၂:၀၅ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်တေးသီချင်းများ ၂၀၁၀ ခုနှစ်၊ ဇူလိုင်လ ၃ရက်
- ၁:၀၀ "ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ" တရားတော် (သဖင်ရေကျော်ဆရာတော် အရှင်ဉာဏောဘာသ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ စကားနပန်း (Selection) (အပိုင်း-၁)
- ၃:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၃၉)**
- ၄:၀၅ အုတ်မြစ်အခြေခံ၊ ခိုင်ခံ့စေရန်
- ၄:၃၀ Industrial Talk
- ၅:၀၅ Activities In the City
  - ကမ္ဘာ့အရပ်အပုဆုံးလူသား အဖြစ်ခန့်မှန်းခြေရှိသူ လူသားအားမိတ်ဆက်တင်ပြခြင်း
  - အကျဉ်းဦးစီးဌာန၏ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနား
- ၅:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ခတ်ပုံထဲမှ အမှတ်တရများ (အဆိုတော်ဖြူနှင့်တွေ့ဆုံခြင်း)
- ၆:၄၅ ဂီတသမားတို့ရဲ့ရင်ခုန်သံများ (သက်တံပေါ်မှာကစားမယ်-သဲနုဝါ)
- ၇:၀၅ ဗီဒီယိုပြခန်း
- ၇:၂၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (တင်မိုးခိုင်)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း (Selection) (အပိုင်း-၁)
- ၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၃၉)**
- ၁၀:၀၀ အားကိုးအားထား (ဖိုးသောကြာ၊ အကယ်ဒမီ ဦးမိုးဒီ၊ ဦးခိုင်တင်၊ ဒေါ်တင်တင်လှ) (ဒါရိုက်တာ-ကောင်းမြတ်)
- ၁၀:၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀:၄၀ Sports World
- ၁၁:၀၀ လှပဝင့်ထည် မြန်မာ့ကြိမ်ထည်
- ၁၁:၂၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (တင်မိုးခိုင်)
- ၁၁:၅၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မအူပင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ မိုးရာသီသစ်ပင်စိုက်ပျိုး

ရန်ကုန် ဇူလိုင် ၆

၂၀၁၀ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မအူပင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၂ ရက် နံနက်ပိုင်းတွင် မအူပင်ခရိုင် မအူပင်မြို့ တိုးမာလာ လမ်းဘေး ဝဲ၊ ယာ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးသောင်း၊ မြို့နယ် ခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ကျေးရွာပြည်သူများက ကျွန်း ၅၅၃ ပင်ကို စုပေါင်းစိုက်ပျိုးကြသည်။

မြို့နယ်သစ်တောဦးစီးဌာနက မအူပင်မြို့နယ်တွင် ၂၀၁၀ ခုနှစ် မိုးရာသီ၌ တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာပင် ၂၀၊ လူတစ်ဦးလျှင် ကျွန်းတစ်ပင်နှင့် ကျေးရွာပိုင် သစ်မာစိုက်ခင်း ကျေးရွာတစ်ရွာ တစ်ဧက စီမံချက်အရ ကျွန်းနှင့် ယူကလစ် အပင်စုစုပေါင်း ၂၃၆၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြေတူးစက်ဖြင့် ဗိုလ်ချုပ်လမ်းနှင့် ပုလုံးတုံးတုံးကျေးရွာ အဝင်လမ်းထောင့် ပင်မရေနုတ်မြောင်း တူးဖော်နေမှုကို အမှုဆောင်အရာရှိ ဦးကျော်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကိုဦးတို့ ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မွန်ပြည်နယ် သစ်တောဦးစီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၌ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီး

ရန်ကုန် ဇူလိုင် ၆

မွန်ပြည်နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသော ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ ဇွန် ၁၅ ရက်မှ စတင်၍ မော်လမြိုင်ခရိုင်ရှိ ခြောက်မြို့နယ်နှင့် သထုံခရိုင်ရှိ လေးမြို့နယ်တို့၌ ကျင်းပလျက်ရှိသည်။

မွန်ပြည်နယ် ၁၀ မြို့နယ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတို့တွင် ပြည်နယ် သစ်တောဦးစီးဌာနက ပျိုးပင် ၃၇၆၇၃၀ ပျိုးထောင်၍ မြို့နယ်အသီးသီးသို့ ခွဲဝေပေးခဲ့ရာ မြို့နယ်အသီးသီးတို့က သတ်မှတ်ထားသည့် ရက်အတွင်း အပြီးသတ် ရာခိုင်နှုန်းပြည့် စိုက်ပျိုးပြီးစီးသွားသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲများ၌ မွန်ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

ယခင်ဖောင် အတည်ပြု၍ ယခုဖောင် အတည်ပြုပေးပါရန်



● ကျောဖုံးမှ

ခြားနားထားသည်။ ယင်းဒေသများရှိ ပြည်သူများမှာ ကိန္နရာချောင်းခြားပမာ အလား တစ်နယ်နှင့် တစ်နယ်၊ တစ်ဦးနှင့်တစ်ဦး ကူးလူးဆက်ဆံမှု နည်းပါးခဲ့ရသည်။

ခေတ်အဆက်ဆက်တွင် ရိုးမကို ဖြတ်ကျော်၍ ဆက်သွယ်သွားလာနိုင်ရန် ကြိုးပမ်းခဲ့ကြသော်လည်း ထိရောက်သော အောင်မြင်မှုမရရှိခဲ့ကြပေ။ တောင်စဉ်တောင်တန်း အသွယ်သွယ်ကို ဖြတ်သန်းသွားလာရသဖြင့် အတက်အဆင်း မတ်စောက်ခြင်း၊ တစ်ချိန်က နယ်မြေအေးချမ်းတည်ငြိမ်မှု မရှိခဲ့ခြင်း၊ လမ်းအခြေအနေအရ သွားလာရန် အဆင်မပြေခြင်း စသည့် အကြောင်းအမျိုးမျိုးကြောင့် ဒေသနှစ်ခုအကြား ကုန်စည်ကူးသန်းသွားလာ ရောင်းဝယ်ဖောက်ကားရာ ရိုးမဖြတ်လမ်းကြီးများအဖြစ် ပေါ်ထွန်းမလာခဲ့ပေ။ ရိုးမပေါ်တွင် ဖောက်လုပ်ခဲ့သည့် လမ်းအများစုမှာ သစ်ထုတ်လုပ်ငန်းအတွက်သာ အသုံးများခဲ့သည်။

ယနေ့အချိန်အခါတွင်မူကား ရိုးမကိုဖြတ်ကျော်ဆက်သွယ်သည့် လမ်းမကြီးခုနစ်သွယ်ကို ဆောက်လုပ်ရေး ဝန်ကြီးဌာနက တာဝန်ယူဖောက်လုပ်လျက်ရှိကြောင်း သတင်းစကား ကြားသိရသည်။ သို့ဖြစ်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တွေ့ဆုံ၍ မေးမြန်းစူးစမ်းခဲ့သည်။

ရှေးဦးစွာ ဦးဆောင်ညွှန်ကြားရေးမှူးက “ဟုတ်ပါတယ်၊ ရိုးမကို ဖြတ်ကျော်တဲ့ လမ်းကြီး ခုနစ်လမ်းကို ကျွန်တော်တို့ ဖောက်လုပ်နေပါတယ်။ ပြည်သူတွေ ရာသီမရွေး ဖြတ်သန်းသွားလာနိုင်တဲ့ လမ်းတွေဖြစ်လာအောင် ကတ္တရာလမ်းတွေအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်နေတာပါ” ဟု ပြောကြားသည်။

လမ်းခုနစ်လမ်းအနက် ပြည်-ပေါက်ခေါင်း-တောင်ငူလမ်းမှာ ဖောက်လုပ်ပြီးစီးပြီဖြစ်၍ လမ်းဖွင့်ပွဲကို ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါ လမ်းအခြေအနေကို သွားရောက်ကွင်းဆင်းလေ့လာနိုင်ပါကြောင်း၊ ကျန်လမ်းများကိုလည်း အမြန်ဆုံးပြီးစီးရန် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြောင်းဖြင့် ၎င်းက ဆက်လက်ပြောကြားသည်။ ဤသို့ဖြင့် ဖောက်လုပ်ပြီးစီးပြီဖြစ်သော ပြည်-ပေါက်ခေါင်း-တောင်ငူလမ်းကို သွားရောက် လေ့လာရန် လမ်းဖောက်လုပ်ခဲ့သော အင်ဂျင်နီယာအဖွဲ့နှင့်အတူ ခရီးဆန့်ခဲ့သည်။

ပြည်- ပေါက်ခေါင်း-တောင်ငူလမ်း၏ တောင်ပေါ်လမ်းပိုင်း တစ်နေရာကို တွေ့ရစဉ်။

ဆောက်လုပ်ရေး ဝန်ကြီးဌာနက ဖောက်လုပ်လျက်ရှိသည့် ရိုးမဖြတ်လမ်း ခုနစ်လမ်းမှာ အရှည် ၁၂၅ မိုင် တစ်ဖာလုံရှိ ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း၊ အရှည် ၄၂ မိုင် ခုနစ်ဖာလုံရှိ တိုက်ကြီး-ဖောင်ကြီး-ဆယ်မိုင်ကုန်း(ပဲခူး)လမ်း၊ အရှည် ၁၄၃ မိုင် ခြောက်ဖာလုံရှိ မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ပိန်းဇလုပ်-ဘန့်ဘွေးကုန်း-ပဲနွယ်ကုန်းလမ်း၊ အရှည် ၉၆ မိုင် သုံးဖာလုံရှိ ကိုးပင်-သာဂရလမ်း၊ အရှည် ၅၄ မိုင် နှစ်ဖာလုံရှိ နေပြည်တော် (၁၂ မိုင်)-တောင်ညို-ချောင်းနက်(တောင်တွင်းကြီး)လမ်း၊ အရှည် ၁၀၈ မိုင် လေးဖာလုံရှိ နေပြည်တော် (၁၂ မိုင်)-တောင်ညို -မြို့သစ်-ကန်ပြား(မကွေး)လမ်းနှင့် အရှည် ၉၁ မိုင် လေးဖာလုံရှိ ပျော်ဘွယ်- ရွာမွန်-နတ်မောက်-ကန်ပြား(မကွေး)လမ်းတို့ဖြစ်သည်။

ပြည်-ပေါက်ခေါင်း-တောင်ငူလမ်းသည်ကား ပဲခူးရိုးမကို ကျော်ဖြတ်၍ ပြည်မြို့နှင့်တောင်ငူမြို့ကို ဆက်သွယ်ထားသည်။ ဤလမ်းမကြီးကို လွန်ခဲ့သည့်နှစ်က ဖြတ်သန်းသွားလာခဲ့ဖူးသည်။ ထိုစဉ်က လမ်းဆိုသော်ငြား လမ်းဟုအမည်တပ်၍ ရရုံသာ။ လမ်းကျဉ်းသည်။ လမ်းမျက်နှာပြင် ပျက်စီးနေသဖြင့် ချိုင့်ခွက်ထူပြောသည်။ မြေသားအမာခံလမ်းနှင့် ကျောက်ချောလမ်းအဆင့်သာရှိသည်။ ဖြတ်သန်းသွားလာ၍မကောင်း။ ကားနာသည်။ လူပင်ပန်းသည်။ ရိုးမပေါ်ဖြတ်သန်းသွားလာရ၍ အကွေ့အကောက်အတက်အဆင်းကများ၊ မြင်ကွင်းကမကောင်း၊ ထို့ကြောင့် ယာဉ်ကို ခက်ခက်ခဲခဲ မောင်းနှင်ရသည်။

ယခုထိုလမ်းမကြီးကို တစ်ခေါက်ရောက်ခဲ့ရပြန်သည်။ လမ်းမကြီးအား ကတ္တရာလမ်းအဖြစ်သို့ အဆင့်မြှင့်တင် တိုးတက်ပြုပြင်ပြီးစီးပေပြီ။ လမ်းဖွင့်ပွဲအခမ်းအနားကို ယခုနှစ်မတ်လ ၂၄ ရက်တွင် အုတ်တွင်းမြို့နယ် ဗောဓိကုန်းကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရှိရသည်။

လမ်းမကြီးကို ဖြတ်သန်းကြည့်ရှုရင်း လမ်းဖောက်လုပ်ခဲ့မှုနှင့် ပတ်သက်၍ မေးမြန်းစူးစမ်း လေ့လာခွင့်ရခဲ့သည်။ ရှေးဦးစွာလမ်းကို တာဝန်ယူဖောက်လုပ်ခဲ့သည့် အင်ဂျင်နီယာချုပ်က “ဒီလမ်းမကြီးကို တန် ၄၀ ခံနိုင်ဝန်ရှိပြီး ရာသီမရွေးသွားလာနိုင်တဲ့ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ခဲ့တာပါ။ ပွင့်လင်းရာသီအတွင်း ပြီးစီးအောင် ရည်မှန်းဆောင်ရွက်ခဲ့ရာမှာ သတ်မှတ်ကာလထက်စောပြီး ၅ လနဲ့ ၁၉ ရက်အတွင်း ပြီးစီးအောင် ဖောက်လုပ်နိုင်ခဲ့ပါတယ်။ တစ်ရက်ပိုစောပြီးရင် ပြည်သူတွေတစ်ရက်စောပြီး အသုံးပြုနိုင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ နေ့မအား ညမနားဆောင်ရွက်ခဲ့လို့ အခုလိုမြန်မြန်ဆန်ဆန်ပြီးစီးသွားတာပါ”ဟု ရှင်းလင်းပြောကြားသည်။

အဆိုပါလမ်းမကြီးမှာ အမှန်စင်စစ် ယခင်နှစ်များစွာကပင် တည်ရှိနေခဲ့သောလမ်းဖြစ်သည်။ ပဲခူးရိုးမကို ဖြတ်ကျော်၍ ရန်ကုန်-ပြည်-မကွေးကားလမ်း မိုင်(၁၈၂/၃)ရှိ တာဂွရွာနှင့် ရန်ကုန်-မန္တလေးလမ်းမိုင်တိုင် (၁၆၆/၀)ရှိ အုတ်တွင်းမြို့ကို ဆက်သွယ်ထားသည်။ ၁၉၅၉ ခုနှစ်တွင် လမ်းဌာနက စတင်ဖောက်လုပ်ခဲ့သည်။ ၁၉၆၇-၆၈ ခုနှစ်တွင် စစ်မြေပြင်အင်ဂျင်နီယာတပ်၊ ၁၉၇၈-၇၉ ခုနှစ်မှ ၁၉၈၅-၈၆ ခုနှစ်အထိ ပြည်သူ့ဆောက် လုပ်ရေးလုပ်ငန်းတို့က လမ်းကိုဆက်လက်ဖောက်လုပ်ခဲ့ရာ ၁၉၈၅-၈၆ ခုနှစ်တွင် ၁၂ ပေ အကျယ် ကတ္တရာလမ်းအဖြစ် ဖောက်လုပ်ပြီးစီးခဲ့သည်။ ထိုစဉ်က လမ်းအရှည်မှာ ၁၀၅ မိုင် သုံးဖာလုံသာရှိသည်။ ပဲခူးရိုးမ၌ ၁၉၈၈-၈၉ ခုနှစ်တွင် တောင်

အုတ်တွင်းမြို့နယ် ဗောဓိကုန်းကျေး ရွာ မှ ဦး သန်း ထိုက် ရှင်းလင်း ပြောကြားစဉ်။

နဝင်းဆည်နှင့် ၂၀၀၀-၂၀၀၁ ခုနှစ်တွင် ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းတို့ကို တည်ဆောက်ခဲ့ရာ လမ်းနယ်မြေတချို့ ဆည်ရေမြုပ်ဧရိယာထဲ ပါသွားသဖြင့် ဆည်ရှောင်လမ်းများ ဖောက်လုပ်ခဲ့ရသည်။ ထိုအချိန်မှစ၍ လမ်းအရှည် ၁၂၄ မိုင် နှစ်ဖာလုံအထိ ဖြစ်လာခဲ့သည်။

လမ်းဖောက်လုပ်ခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ထိုစဉ်က သောင်းကျန်းသူ အန္တရာယ်ရှိခဲ့သည့်အပြင် မြေပြင်အနေအထားအရ အတက်အဆင်းများပြားမှု၊ တောတောင်ထူထပ်မှုတို့ကြောင့် ဒေသခံပြည်သူများ စိတ်အေးချမ်းသာစွာ အသုံးပြုနိုင်သည့် လမ်းအဆင့်သို့ ရောက်ရှိလာခြင်းမရှိခဲ့ဘဲ သာမန်လမ်းအဆင့်မျှသာ ရှိခဲ့သည်။ ၁၉၇၆ ခုနှစ်ခန့်က ပဲခူးရိုးမတွင် သောင်းကျန်းမှုချုပ်ငြိမ်းသွားပြီဖြစ်ကြောင်း ကမ္ဘာသိကြေညာနိုင်ရန်အတွက် နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများအား ထိုလမ်းအသုံးပြု၍ လိုက်လံပြသခဲ့ကြောင်း တစ်ဆင့်စကား ကြားသိရသည်။ သို့သော် နှစ်များစွာကြာလာသည်နှင့် အမျှ လမ်းမှာလည်း ပျက်စီးယိုယွင်းခဲ့ရသည်။

ယခုအခါတွင်မူ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်စီမံပေးမှုကြောင့် ယင်းလမ်းမကြီးကို ကတ္တရာလမ်း အဖြစ် အဆင့်မြှင့်တင် ပြုပြင်ဖောက်လုပ်နိုင်ခဲ့ပြီဖြစ်သည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက လမ်းတိုးတက်ပြုပြင်ခြင်းလုပ်ငန်းကို အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးနိုင်ရေးအတွက် လမ်းအထူးအဖွဲ့နှစ်ဖွဲ့၊ လေယာဉ်ကွင်းအထူးအဖွဲ့တစ်ဖွဲ့၊ အဆောက်အအုံအထူးအဖွဲ့နှစ်ဖွဲ့၊ ခရိုင်ဆောက်လုပ်ရေးအဖွဲ့တစ်ဖွဲ့ စုစုပေါင်းအဖွဲ့ခြောက်ဖွဲ့ဖြင့် စုဖွဲ့ဆောင်ရွက်ခဲ့သည်။ အဖွဲ့တိုင်းတွင် ကွင်းတည်ဆောက်ရေးအဖွဲ့၊ ပစ္စည်းထုတ်လုပ်ပံ့ပိုးရေးအဖွဲ့ဟူ၍ အဖွဲ့နှစ်ဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး လမ်းအရည်အသွေးထိန်းသိမ်းရေးအဖွဲ့များကိုလည်း အဖွဲ့တိုင်းတွင် ပူးတွဲထားရှိခဲ့သည်။

လုပ်ငန်းဆောင်ရွက်ရာတွင် လမ်းအတက်အဆင်းမတ်စောက်သော မူလလမ်းဟောင်းနေရာများအစား လမ်းအူကြောင်းသစ်များ ရှာဖွေဖောက်လုပ်ခဲ့ရကြောင်း အင်ဂျင်နီယာချုပ်က ရှင်းပြသည်။ မိုင်တိုင် (၁၀၁/၅) မှ (၁၀၂/၀)အတွင်းနှင့် မိုင်တိုင် (၁၀၅/၆)မှ(၁၀၇/၃)အတွင်း အတက်အဆင်းပြေပြစ်သည့် လမ်းအူကြောင်းသစ် နှစ်ခုဖောက်လုပ်ခဲ့ရရာ မူလလမ်းထက် ခုနစ်ဖာလုံပိုရှည်လာခဲ့သည်။ ထို့ကြောင့် ယခုလမ်းသစ်တွင် မူလလမ်း အရှည် ၁၂၄ မိုင် နှစ်ဖာလုံမှ ၁၂၅ မိုင် တစ်ဖာလုံအထိ ဖြစ်လာခဲ့သည်။

လမ်းကို အဆင့်မြှင့်တင်ရာ၌ ၆၈ မိုင်လေးဖာလုံမှာ ကတ္တရာလမ်းအဖြစ်တည်ဆောက်ပြီးဖြစ်သဖြင့် ကျန်ရှိသော ၅၆ မိုင် ငါးဖာလုံကို ရှစ်လက်မထုကျောက်ခင်း၊ လေးလက်မအထူ အပွန်းခံလွှာခင်း၍ ကတ္တရာ ရေပိတ်လွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ တစ်ပြိုင်တည်းမှာပင် လမ်းသားအကျယ်ကိုလည်း တိုးချဲ့ခဲ့ရာ ယခုအခါ မြေသားလမ်းအကျယ် ၃၄ ပေ၊ ကတ္တရာလမ်းအကျယ် ၁၂ ပေရှိ ပြန့်ပြူးညီညာသော လမ်းသစ်ကြီးအဖြစ် ပေါ်ထွန်းလာခဲ့ပေပြီ။

အုတ်တွင်း မြို့နယ် တိမ်မြုပ် ကျေးရွာမှ အမိုးနော် ရီ ထွန်း ရှင်းလင်း ပြောကြားစဉ်။

လမ်းမကြီးဝဲ၊ ယာတွင် နေထိုင်ကြသည့် ကျေးရွာများမှ ဒေသခံပြည်သူများအနက် အုတ်တွင်းမြို့နယ် ဗောဓိကုန်းကျေးရွာမှ ဦးသန်းထိုက်အား လမ်းနှင့်ပတ်သက်၍ မေးမြန်းကြည့်ရာ “ဒီကားလမ်းရဲ့ တစ်ဖက်တစ်ချက်မှာရှိတဲ့ တောင်ပေါ်ကျေးရွာတွေက ပြည်သူတွေဟာ ခရီးသွားလာရင် ဒီလမ်းကိုပဲ အမှီပြုသွားလာရတာပါ။ အရင်ကတော့ မိုးတွင်းကာလမှာ တောင်ကျရေတွေစီး၊ တောင်ပြိုလို့ လမ်းပိတ်တာတွေ မကြာခဏဖြစ်တတ်ပါတယ်။ လမ်းလည်း မကောင်းတာမို့ သွားရေးလာရေး အဆင်မပြေခဲ့ပါဘူး။ အခု ကတ္တရာလမ်းသစ်ကြီး ဖွင့်လိုက်ပြီဆိုတော့ ကျွန်တော်တို့ ကျေးရွာတွေကနေ ပြည်၊ အုတ်တွင်း၊ တောင်ငူမြို့တွေကို အခက်အခဲမရှိ အချိန်ကြန့်ကြာမှု မရှိဘဲ လွယ်ကူချောမွေ့စွာသွားလာနိုင်ပါပြီ။ လမ်းသစ်ကြီးဖောက်လုပ်ပေးတဲ့ နိုင်ငံတော်ကို ပြန်လည်ကျေးဇူးဆပ်တဲ့အနေနဲ့ ဒီလမ်းကြီး ရေရှည်အသုံးပြုနိုင်ရေးအတွက် ကျွန်တော်တို့ နယ်သူ၊ နယ်သားတွေက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားမှာပါ”ဟု ဖြေကြားသည်။

အလားတူ ပဲခူးရိုးမပေါ်ရှိ ကျေးရွာတစ်ရွာဖြစ်သော အုတ်တွင်းမြို့နယ် ပေါက်တောကျေးရွာအုပ်စု တိမ်မြုပ်ကျေးရွာမှ အမိုးနော်ရီထွန်းကလည်း အသံဝဲဝဲဖြင့် “အရင်ကဆို ရွာကနေ တောင်ငူကိုသွားရင် လမ်းမကောင်းတော့ ၄ နာရီ ၅ နာရီ လောက်သွားရတယ်။ ခုလမ်းကောင်းသွားတော့ တစ်နာရီကျော်လောက်နဲ့ ရောက်အောင် သွားနိုင်ပြီ။ လမ်းဖောက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲကို အမိုးတို့တစ်ရွာလုံးက ကျေးဇူးတင်လို့ မဆုံးပါဘူးဝေ့” ဟု ပြောကြားသည်။

ပဲခူးရိုးမပေါ်နှင့် ရိုးမတောင်ခြေရှိ ဗောဓိကုန်း၊ တိမ်မြုပ်၊ ဘုတလင်၊ ပြောင်ခေါင်း၊ တောက်တဲ့၊ ဘုဒလက်၊ ကြက်မနစ်၊ ရွှေတောင်ငွေတောင်၊ ပေါ်လံကြီး၊ ပေါ်လံလေးစသည့်ကျေးရွာများမှာ ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း၏ လမ်းဘေးဝဲ၊ယာ တို့၌တည်ရှိသည်။ အုတ်တွင်းမြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ်တို့၌ ပါဝင်ကြသည်။ ခရီးသွားလာရာ၌ ယင်းလမ်းကိုသာ အမှီပြု၍သွားလာနေကြရသည်။ ယခု ကတ္တရာ လမ်းသစ်ကြီး ပေါ်ထွန်းလာသောအခါ ယင်းကျေးရွာများမှ ဒေသခံများ၏ သွားရေးလာရေး အဆင်ပြေချောမွေ့လာမှုနှင့်အတူ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးစသည့် ကဏ္ဍစုံတွင် ယခင်ကထက်ပို၍ ဖွံ့ဖြိုးလာတော့မည်မှာ မလွဲပေ။

ထို့အပြင် ပဲခူးတိုင်းအနောက်ပိုင်းရှိ ပြည်၊ ပေါက်ခေါင်း၊ ပန်းတောင်း၊ ရွှေတောင်၊ နတ်တလင်း၊ ပေါင်းတည်၊ သာယာဝတီ စသည့်မြို့များမှ ပဲခူးတိုင်းအရှေ့ပိုင်းရှိ တောင်ငူ၊ အုတ်တွင်း၊ ဖြူး၊ ကျောက်တံခါး၊ ဒိုက်ဦး၊ ညောင်လေးပင်စသည့်မြို့များသို့ ဆက်သွယ်သွားလာလိုပါကလည်း ရိုးမကိုကွေ့ပတ်၍ ရန်ကုန်၊ ပဲခူးတို့မှ တစ်ဆင့် မိုင် ၃၀၀ ကျော်သွားလာနေစရာမလိုတော့ဘဲ ယခုလမ်းမှတစ်ဆင့် အလွယ်တကူ ဖြတ်သန်းသွားလာနိုင်ပေပြီ။ အချိန်အားဖြင့် ယခင်ကကဲ့သို့ ၈ နာရီကျော်သွားလာနေရမည့်အစား ၄ နာရီခန့်ဖြင့် လိုရာခရီးကို ရောက်နိုင်ပေပြီ။ တောင်ငူမှတစ်ဆင့် နေပြည်တော်သို့လည်း အဆင်ပြေချောမွေ့စွာ ဆက်လက်သွားရောက်နိုင်ပြီဖြစ်သည်။

လမ်းဖောက်လုပ်ရာ၌ တွေ့ကြုံခဲ့ရပုံများကို အင်ဂျင်နီယာမှူး တစ်ဦးအား မေးမြန်းကြည့်ရာ ၎င်းက “တောင်ပေါ်ဒေသမျိုးမှာ လမ်းဖောက်ရတာဖြစ်တဲ့အတွက် တော်တော်ခက်ခက်ခဲခဲ ကြိုးပမ်းဖောက်လုပ်ခဲ့ရတာပါ။ ပြီးတော့ သားရိုင်းတိရစ္ဆာန်တွေပေါတဲ့ တောကြီးထဲမှာဆိုတော့ လမ်းဖောက်နေရင်းနဲ့ တောဆင်ရိုင်းတွေနဲ့ တိုးခဲ့သလို ကျားသစ်နဲ့လည်း ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့ ဝန်ထမ်းတွေနဲ့ လမ်းလုပ်သားတွေအနေနဲ့ ဘယ်လိုပဲ အခက်အခဲတွေနဲ့တွေ့တွေ့ ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ပါတယ်”ဟု ဖြေကြားသည်။

စီမံကိန်းတာဝန်ခံအပါအဝင် အင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့် လုပ်သားများအနေဖြင့် စနေ၊ တနင်္ဂနွေမရှိ၊ နားရက်မရှိ၊ နေပူမရှောင် မိုးရွာမရှောင်ဘဲ တပ်မတော်သားများ စစ်ဆင်ရေးတာဝန်ထမ်းဆောင်သကဲ့သို့ မနားမနေ ဆောင်ရွက်ခဲ့သဖြင့် သတ်မှတ်ကာလထက် ဆောလျင်စွာ ဖောက်လုပ်ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

အမှန်တကယ်မူ လမ်းတစ်လမ်းဖောက်လုပ်ခြင်းသည် လွယ်ကူသောကိစ္စတစ်ရပ်တော့ မဟုတ်ပေ။ ပြည်-ပေါက်ခေါင်း - တောင်ငူလမ်းကဲ့သို့ တောင်ပေါ်ဒေသတွင် လမ်းဖောက်လုပ်ရသည့်အခါတွင်ကား မြေပြန့်လမ်းထက် ပိုမို၍ ခက်ခဲသည်။ လမ်းသားချဲ့ထွင်ရန် တောင်နံရံကို ဖြိုရသည်။ အတက်အဆင်းပြေပြစ်စေရန် ဆောင်ရွက်ရသည်။ မြင်ကွင်းကွယ်သော နေရာများကို မြင်ကွင်းကောင်းအောင် ဖယ်ရှားရှင်းလင်းရသည်။ လုပ်ငန်းဆောင်ရွက်နေသည့် စက်ယန္တရားများ၊ လုပ်သားများ တောင်အောက်ချောက်ထဲ ကျမသွားစေရန်လည်း သတိထား ဆောင်ရွက်ရသည်။ မည်သို့ဆိုစေ လမ်းမကြီးအား ကတ္တရာလမ်းသစ်ကြီးအဖြစ် အောင်မြင်စွာ ဖောက်လုပ်နိုင်ခဲ့ပေပြီ။ ရိုးမအရှေ့ခြမ်းရှိဒေသများနှင့် အနောက်ခြမ်းရှိ ဒေသများအကြား အတားအဆီးမရှိ လွယ်လင့်တကူ ကူးသန်းသွားလာနိုင်ပေပြီ။

အလယ်ရိုးမကြီး ခြားနေသည့်အတွက် ယင်းဒေသတို့မှာ တစ်ဒေသနှင့် တစ်ဒေသ ကူးလူးဆက်ဆံရာတွင် အခက်အခဲများရှိခဲ့သည်။ တိုင်းတစ်တိုင်းအတွင်းမှာပင် ရှိနေသော်ငြား ဖွံ့ဖြိုးတိုးတက်မှုလည်း မညီမမျှဖြစ်ခဲ့ရသည်။ ဒေသခံပြည်သူ အချင်းချင်းလည်း အမြင်ဝေး၍ အတွေ့နည်းကာ သူစိမ်းပြင်ပြင်ဖြစ်ခဲ့ကြရသည်။

ယခုအခါတွင်ကား ပြည်-ပေါက်ခေါင်း-တောင်ငူ ကတ္တရာလမ်းသစ်ကြီး ဖောက်လုပ်ဖွင့်လှစ်နိုင်ခြင်းနှင့်အတူ ပဲခူးတိုင်းအရှေ့ခြမ်း၊ အနောက်ခြမ်းနှင့် ရိုးမပေါ်တွင် မှီတင်းနေထိုင်ကြသည့် ဒေသခံပြည်သူများအဖို့ တစ်ဒေသနှင့် တစ်ဒေသ စိတ်အေးချမ်းသာစွာ လွယ်လင့်တကူ ကူးလူးဆက်သွယ်သွားလာနိုင်ပေပြီ။ ဒေသများ၏ ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်လာခြင်းနှင့်အတူ ဒေသတစ်ခုနှင့် တစ်ခုအကြား မညီမမျှကွာဟနေမှုများကို လျော့နည်းကျဆင်းစေပေတော့မည်။ ၎င်းတို့၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာပြီး အဆင့်အတန်းရှိရှိ သွားလာနေထိုင်နိုင်ပေတော့မည်။ ဒေသခံအချင်းချင်း ထိတွေ့ဆက်ဆံမှုများပြားကာ တစ်ဦးနှင့်တစ်ဦးမေတ္တာချင်းယှက် လက်ချင်းဆက်၍ ပိုမိုစည်းလုံးချစ်ကြည်လာကြပေတော့မည်။ ထိုမှတစ်ဆင့် ဒေသခံပြည်သူများ၏ ရင်တွင်းနှလုံးသားဝယ် ပြည်ထောင်စုစိတ်ဓာတ်များလည်း တိုးတက် ခိုင်မာလာစေတော့မည်ဖြစ်သည်။

ပြည် - ပေါက်ခေါင်း - တောင်ငူလမ်းမကြီးသည်ကား ပဲခူးတိုင်းအရှေ့ခြမ်းနှင့် အနောက်ခြမ်းဒေသကြီးကို ပေါင်းစည်းဆက်သွယ်ပေးသည့် မေတ္တာပေါင်းကူးလမ်းမကြီးပင်ဖြစ်သည်။ ထို့အတူ နှစ်ပေါင်းများစွာ သဘာဝအတားအဆီးကြီးအဖြစ် ရပ်တည်နေခဲ့သည့် ပဲခူးရိုးမကြီးကို အောင်မြင်စွာ ဖြတ်ကျော်နိုင်ခဲ့သည့် စံနမူနာပြ လမ်းမကြီးတစ်ခုအဖြစ်လည်း သမိုင်းမော်ကွန်းရေးထိုးနိုင်ခဲ့ပြီဖြစ်ပေသည်။ ။

ဖြောင့်ဖြူးညီညာသော ကတ္တရာလမ်းသစ်ကြီးကို တွေ့ရစဉ်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် လှိုင်ပိတ်တမံအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၆

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁၁)နှင့် ရုံးအမှတ်(၄၀)တို့၏ ရုံးရှေ့မျက်နှာစာနှင့် ရုံးပရဝဏ်ဧရိယာအတွင်း၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင့်ဆွေနှင့် ဦးမြင့်သိန်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ရုံးဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးခင်မောင်မြင့်က ကံ့ကော်ပင်ကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးတင့်ဆွေက တမာပင်ကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်းက မဇ္ဈူသကပင်ကို လည်းကောင်း စိုက်ပျိုးပေးကြပြီး ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများ၏ သစ်ပင်စိုက်ပျိုးနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို လှိုင်ပိတ်တမံများ၌ ကျင်းပရာ ဆောက်လုပ်ရေး ဝန်ကြီးဌာနရှိ လှိုင်ပိတ်တမံ အမှတ်(၁)၊ (၂)နှင့် (၃)တို့တွင် ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၂၅၀၀၊ ငါးခုံးမသားပေါက်ကောင်ရေ ၂၉၀၀ စုစုပေါင်း အကောင်ရေ ၅၄၀၀ ကို ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က စိုက်ထည့်ပေးကြသည်။

အဆိုပါ ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ တမာ၊ ခရေ၊ ကံ့ကော်၊ ကုက္ကို၊ ပိတောက်၊ စိန်ပန်း၊ မဟော်ဂနီ၊ စိန်တလုံးသရက်နှင့် အရိပ်ရပင်များ ပျိုးပင်ပေါင်း ၁၃၅၀ တို့ကို ဝန်ထမ်း ၇၀၀ ကျော်တို့က စိုက်ပျိုးပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတွင် ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

ဝန်ကြီး ဦးသိန်းအောင် လွိုင်ကော်သစ်ဆိပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်သည် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် လိုက်ပါလျက် ဇူလိုင် ၅ ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့နယ် လင်ဖုံလေးကျေးရွာအနီး၌ ကျင်းပသည့် ကယားပြည်နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ကယားပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းဒင်က သစ်ပင်စိုက်ပျိုးပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဝန်ကြီး၊ ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျွန်းနှင့် သစ်မာပျိုးပင် ၁၂၀၀ ကို ဒေသခံပြည်သူများထံ ပေးအပ်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီးက ခရေပင်နှင့် ပြည်နယ်ဥက္ကဋ္ဌက ကျွန်းပင်တို့ကို စိုက်ပျိုးပေးကြပြီး စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် မွန်းလွဲပိုင်းတွင် လွိုင်ကော်သစ်ဆိပ်သို့ ရောက်ရှိကြပြီး သစ်ဆိပ်ရှင်းလင်းဆောင်၌ ကယားပြည်နယ် သစ်ထုတ်ရေးဌာန ဒုတိယအထွေထွေမန်နေဂျာက လာမည့် ၂၀၁၀-၂၀၁၁ သစ်ထုတ်ရာသီအတွက် သစ်ထုတ်ရန်ပြင်ဆင်ထားရှိမှု၊ သစ်တိုက်လမ်းများဖောက်လုပ်ရန် စီမံထားရှိမှုနှင့် ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနသို့ သစ်လုံးများအပ်နှံပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး သစ်ဆိပ်အတွင်း သစ်လုံးများ စနစ်တကျထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်နှင့် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်တို့ ကယားပြည်နယ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတွင် သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

(သစ်တော)

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

ဆီဆိုင်မြို့တွင် မီးဘေးကာကွယ်ရေး ဆောင်ရွက်

ဆီဆိုင် ဇူလိုင် ၆

ဆီဆိုင်မြို့ မြို့မစည်ပင်သာယာဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ရေသိုလှောင်ထိန်းသိမ်းထားရှိရေးအတွက် မြေအောက်ရေလှောင်ကန် ရေဂါလန်

ဝေါမြို့နယ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုး

ဝေါ ဇူလိုင် ၆

ဝေါမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသော မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက် နံနက်ပိုင်းတွင် ဝေါမြို့နယ် အေးချမ်းသာယာရပ်ကွက် အလိုပြည့်မင်္ဂလာကန်တော်ကြီး ဝဲ၊ ယာ၌ ကျင်းပရာ ဝေါမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်

၂၀၀၀ ဆုံ့ကို တူးဖော်ဆောင်ရွက်နေမှုနှင့် မီးသတ်ဆေးဘူးများ ကိုင်တွယ်အသုံးပြုနိုင်ရေး လေ့ကျင့်နေမှုများကို အမှုဆောင်အရာရှိ ဦးသိန်းမင်းက အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

(မြို့နယ်စည်ပင်)

သီတာနှင့် လူမှုရေးအသင်းဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝေါမြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ထွေးနှင့် ပဲခူးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဆွေတို့က မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများသည် ကျွန်း၊ ပျဉ်းကတိုး၊ ယူကလစ်၊ ခရေ၊ ကံ့ကော်၊ မဟော်ဂနီ၊ ရေတမာနှင့် ကုက္ကိုအပင်စုစုပေါင်း ၃၈၆ ပင်ကို စုပေါင်းစိုက်ပျိုးကြကြောင်းသိရှိရသည်။**(ယာပုံ)**

(မြို့နယ်ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၇-၇-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၃၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၄၀ ၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၄း၅၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅း၁၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၅း၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅း၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၃၅ ၁၄။ **Mail Box**
- ၆း၄၅ ၁၅။ ကာတွန်းအစီအစဉ် - စွန့်စားသူတို့ပျော်စံရာ (အပိုင်း -၂၇)
- ၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လေဟုန်ခွင်းတဲ့သူရဲကောင်း (အပိုင်း-၂၈)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ **ရယ်ရွှင်စရာ ဟာသပဒေသာ -မဖြစ်နိုင်ပါဘူးသားရယ် (အပိုင်း-၁) (သူရလင်း၊ မိုးခန့်၊ ရော၊ အုန်းသီး၊ ဗေဒါ၊ စိုပြေ၊ ရီရီပွင့်ဖြူ၊ အကယ်ဒမီ ခင်မို့မို့အေး၊ ပွင့်၊ အိမ့်ကြာဖြူ၊ နှင်းပွင့်ကေရီ) [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]**
- ၂၂။ အိုင်စီတီသုတ
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **Champion League of Boxing** လက်ရွေးစင်ပြိုင်ပွဲ **ADMIRE WARD Vs ALLAM GREEM**
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။

၈-၇-၂၀၁၀ရက် (ကြာသပတေးနေ့)

- **၁။ ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲ (Live) - ဂျာမနီ နှင့် စပိန် (Semi Final)**

(၇)ကြိမ်မြောက် အရှေ့တောင်အာရှ အသက်(၁၈)နှစ်နှင့်အောက် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇူလိုင် ၆

အားကစားဝန်ကြီးဌာန အရှေ့တောင်အာရှ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော(၇)ကြိမ်မြောက် အရှေ့တောင်အာရှ အသက်(၁၈)နှစ်နှင့်အောက် အမျိုးသားဘတ်စကက်ဘော ပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဆက်လက်ကျင်းပသည်။

အနိုင်ရရှိ

ပြိုင်ပွဲ၏ ပထမပွဲစဉ်တွင် ဖိလစ်ပိုင်အသင်းက မြန်မာအသင်းကို ၁၀၈ မှတ်- ၃၉ မှတ်ဖြင့် လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် မလေးရှားအသင်းက စင်ကာပူအသင်းကို ၆၀ မှတ်- ၅၁ မှတ်ဖြင့် လည်းကောင်း၊ တတိယပွဲစဉ်တွင် ထိုင်းအသင်းက လာအိုအသင်းကို ၇၁ မှတ်- ၄၄ မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိသွားကြသည်။

ယှဉ်ပြိုင်ကစားမည်

ပြိုင်ပွဲကို ဇူလိုင် ၇ ရက် နံနက် ၉ နာရီတွင် ယင်းအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ရာ ပထမပွဲတွင် စင်ကာပူအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ ဒုတိယပွဲတွင် မြန်မာအသင်းနှင့် ထိုင်းအသင်း၊ တတိယပွဲတွင် မလေးရှားအသင်းနှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(သတင်းစဉ်)

သတိပေး နှိုးဆော်ချက်

ရန်ကုန်မြို့အတွင်း သွားလာလျက်ရှိသည့် အချို့မော်တော်ယာဉ်များသည် ယာယီနံပါတ်အမျိုးမျိုးအား တပ်ဆင်သွားလာလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထိုသို့ သွားလာလျက်ရှိရာတွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ပေးထားသည့် စက်မှုဇုန်ထုတ် ယာယီနံပါတ်ခွင့်ပြုကာလ နှစ်လ၊ လေလံနံပါတ်ခွင့်ပြုကာလ သုံးလကိုသာ တပ်ဆင်၍ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ သွားလာကြရန်နှင့် သတ်မှတ်ထုတ်ပေးထားခြင်း မရှိသောယာယီနံပါတ်များ တပ်ဆင်မောင်းနှင်နေခြင်းအား စစ်ဆေးတွေ့ရှိပါက ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း
ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ပဲခူးတိုင်း၊ ပြည်မြို့နယ်၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပွဲစားလမ်းနှင့် ကမ်းနားလမ်းထောင့်၊ အမှတ် (၄၁၅)တွင် ပါတီရုံးချုပ်တည်ရှိသော **ဒေသဖွံ့ဖြိုးတိုးတက်ရေးပါတီ(ပြည်)**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၆-၇-၂၀၁၀ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးပါတီ(ပြည်)၏ အလံပုံစံ

ဒေသဖွံ့ဖြိုးတိုးတက်ရေးပါတီ(ပြည်)၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်


ဝန်ထမ်းအလိုရှိသည်
B.Com (CPA) Part II [illegible] - (၂) ဦး
B.Com , (or) L.C.C.I (Level-III) [illegible] - (၃) ဦး
Microsoft Word , Excel , [illegible]

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် ဇူလိုင် ၆

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကရင်ပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော်(လယ်ဝေး)တွင် သုည ဒသမ ၂၀ လက်မ၊ မောင်တောမြို့တွင် ၂ ဒသမ ၇၂ လက်မ၊ ကသာမြို့တွင် ၂ ဒသမ ၀၅ လက်မ၊ ခန္တီးမြို့တွင် ၁ ဒသမ ၅၃ လက်မ၊ လှိုင်ကော်မြို့တွင် ၁ ဒသမ ၃၀ လက်မ၊ ကိုကိုးကျွန်းတွင် ၁ ဒသမ ၁၄ လက်မ၊ မချမ်းဘောမြို့၊ တောင်ကြီးမြို့နှင့် ဟားခါးမြို့တို့တွင် ၁ ဒသမ ၁၁ လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အနည်းငယ်မှ အသင့်အတင့်ရှိနေသည်။

ဇူလိုင် ၇ ရက် ညနေထိခန့်မှန်းချက်။ ။ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

(၁၉)ကြိမ်မြောက် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲဖွင့် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး တက်ရောက် အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၆

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဇူလိုင် ၂ ရက်တွင် မုံရွာခရိုင် မုံရွာမြို့ရှိ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ကျင်းပသော (၁၉)ကြိမ်မြောက် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်သည်။

အခမ်းအနားသို့ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများနှင့် တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မုံရွာတပ်နယ်မှ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် အရာရှိ/စစ်သည်မိသားစုဝင်များ၊ ပြိုင်ပွဲဝင်ဘောလုံးအသင်းများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။ ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်ကစားကြပုံများကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းမှူးသည် တာဝန်ရှိသူများလိုက်ပါလျက် မုံရွာမြို့ ကမ်းနားလမ်း(အောင်ဇေယျလမ်း) ဆိပ်ကမ်းသန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် သလာရပ်ကွက် ကမ်းနားလမ်း မြေထိန်းနံရံပြုပြင်ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် တိုင်းမှူးသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသော ကမ်းနားလမ်း လမ်းအဆင့်မြှင့်ဆောင်ရွက်ခြင်း လုပ်ငန်းခွင်ကိုလည်းကောင်း၊ အိုးဘိုတောင်ရပ်ကွက် ချင်းတွင်းတံတားအထိ မြေသားတာပေါင်မြှင့်ခြင်း လုပ်ငန်းခွင်ကိုလည်းကောင်း၊ စစ်ပင်ရပ်ကွက် မြေသားတမံသစ်ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

တိုက်စစ်ထက်မြက်သည့် ဂျာမနီကို စပိန်နောက်တန်း ထိန်းချုပ်နိုင်မည်လား

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယပွဲစဉ်အဖြစ် တိုက်စစ်ထက်မြက်လှတဲ့ ဂျာမနီနဲ့ ကွင်းလယ်ကစားကွက်ကောင်းတဲ့ စပိန်တို့ ယှဉ်ပြိုင်ကြမှာဖြစ်တာကြောင့် အကြိတ်အနယ်ရှိတဲ့ ပွဲကောင်းတစ်ပွဲကို ကြည့်ကြရဦးမှာပါ။

ဂျာမနီ-စပိန်
၈-၇-၂၀၁၀(ကြာသပတေးနေ့)
နံနက် ၁ နာရီ

ဂျာမနီအသင်းဟာ အုပ်စုကို အလွယ်တကူကျော်ဖြတ်နိုင်ခဲ့တာ မဟုတ်ပေမယ့် ကံကောင်းစွာနဲ့ အုပ်စုဗိုလ်ရခဲ့ပါတယ်။ ဒါပေမယ့် ရှုံးထွက်ပွဲစဉ်ကစပြီး ဂျာမနီတိုက်စစ် အထူးကောင်းမွန်ခဲ့တာကြောင့် ၁၆ သင်း ရှုံးထွက်အဆင့်မှာ အင်္ဂလန်ကို ဂိုးပြတ်အနိုင်ယူခဲ့သလို ကွာတားဖိုင်နယ်မှာလည်း ဗိုလ်စွဲရန် ရေပန်းအစားဆုံးအသင်းဖြစ်တဲ့ အာဂျင်တီးနားကို လေးဂိုးပြတ်သွင်းပြီး ယခုဆီမီးဖိုင်နယ်ကို တက်လာနိုင်ခဲ့တာပါ။ စပိန်ကတော့ အုပ်စုပွဲစဉ်တွေမှာ ရုန်းကန်ခဲ့ရသလို ၁၆ သင်း ရှုံးထွက်အဆင့်မှာ ပေါ်တူဂီနဲ့ ကွာတားဖိုင်နယ်မှာ ပါရာဂွေးတို့ကို ဒေးဗစ်ဗီလာရဲ့ တစ်လုံးတည်းသော သွင်းဂိုးတွေနဲ့ ကပ်နိုင်ခဲ့ပါတယ်။ ဒါကြောင့် ဂျာမနီထက်စာရင် စပိန်ကစားကွက်ကောင်းပေမယ့် တိုက်စစ်အားနည်းမှု ရှိနေသေးတယ်လို့ ဆိုရမှာပါ။

ဂျာမနီမှာ ပိုဒေါစကီး၊ ကလိုဆေးနဲ့ ရှဝိန်းစတိုင်ဂါတို့ အထူးခြေစွမ်းပြနေသလို ဖိလစ်လမ်း၊ ဂျန်ဆင်၊ ဖရက်ဒရစ်နဲ့ ဘိုတန်တို့ နောက်တန်းကလည်း တောင့်တင်းမှုရှိနေပါတယ်။ စပိန်ကွင်းလယ်က ဇာဗီ၊ အင်နီယေစတာ၊ အလွန်ဆိုနဲ့ ဘတ်စ်ကွက်စ်တို့ အတွဲမိနေပေမယ့် ဒေးဗစ်ဗီလာနဲ့ ဖာနန်ဒိုတောရက်စ်တို့ တိုက်စစ်အတွဲက နားလည်မှုလွဲနေဆဲပါ။ နောက်တန်းက ပူယိုး၊ ရာမို့စ်၊ ပီကေးနဲ့ အယ်လ်ဘီယိုတို့ ခံစစ်ကစားပုံ ကောင်းမွန်ပေမယ့် လျင်မြန်လှတဲ့ ဂျာမနီတိုက်စစ်ကို ထိန်းချုပ်နိုင်မလားဆိုတာ စိတ်ဝင်စားစရာကောင်းနေပါတယ်။

ဂျာမနီနည်းပြ ဂျိုချင်လောရဲ့ ဗျူဟာကျွမ်းကျင်မှုကို အင်္ဂလန်နဲ့ အာဂျင်တီးနားတို့ကို ဂိုးပြတ်တွေနဲ့ချည်း အနိုင်ယူခဲ့တဲ့ပွဲတွေမှာ တွေ့ရပြီးဖြစ်ပါတယ်။ ဒါကြောင့် ကွင်းလယ်ကစားကွက်ပိုင်းမှာ စပိန်အသင်း ဘယ်လိုပင်အသာရစေကာမူ လျင်မြန်မှုကို အားပြုကစားလာမယ့် ရှဝိန်းစတိုင်ဂါ၊ ပိုဒေါစကီးနဲ့ ကလိုဆေးတို့ရဲ့ ဂျာမနီတိုက်စစ်အတွဲကို ပူယိုးဦးဆောင်တဲ့ စပိန်နောက်တန်း ဂိုးမပေးရအောင် ထိန်းချုပ်နိုင်ဖို့က ခက်ခဲဦးမှာပါ။ ဂျာမနီဂိုးသမား နူယာ လက်စွမ်းပြနေသလို စပိန်ဂိုးသမား ကာဆီးလက်စ်ကလည်း အကောင်းဆုံးအနေအထားမှာ ရှိနေပါတယ်။ ဒါကြောင့် ဒီပွဲဟာ မိနစ် ၉၀ အတွင်း သရေကျဖို့များနေပြီး ဘယ်အသင်းနိုင်နိုင် ပွတ်ကာသီကာလေးပဲ ဖြစ်မှာပါ။

၂၀၁၀ ကမ္ဘာ့ဖလားတွင် ရွှေဖိနပ်ဆုရရန် ချိန်ရွယ်နေသည့် စပိန် တိုက်စစ်မှူး ဒေးဗစ်ဗီလာ။

ရေဘဝဲပေါလ်ရဲ့အဟော

တစ်ဆက်တည်းမှာပဲ ဒီကနေ့ထွက်ပေါ်လာတဲ့ နိုင်ငံတကာသတင်းများအရ ကမ္ဘာ့ဖလားဘောလုံး အနိုင်အရှုံး ရှေ့ဖြစ်ဟောရာမှာ ၇၀ရာခိုင်နှုန်း မှန်ကန်တယ်လို့ ထင်ရှားကျော်ကြားလာနေတဲ့ ရေဘဝဲပေါလ်ဟာ ဇူလိုင် ၈ ရက် ပွဲစဉ်အတွက်တော့ စပိန်ဘက်က အစာခွက်ကို စားခဲ့တဲ့အတွက်ကြောင့် စပိန်အလေးသာမယ်လို့လည်း ဆိုနေကြောင်းပါ။

ဝင်းတင်(ကြေးမုံ)

ဂျာမနီအတွက် ခြေစွမ်းပြကာ ဂိုးများ သွင်းပေးနေသည့် ကလိုဆေး။

သမအသင်းများ၏ ဝင်ငွေကြေညာလွှာ စုပေါင်းပေးအပ်ပွဲ ကျင်းပ

ပြည် ဇူလိုင် ၆

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ပြည်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွက် ပြည်မြို့နယ်အတွင်းရှိ သမဝါယမအသင်းများ၏ ဝင်ငွေကြေညာလွှာ စုပေါင်းပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၉ ရက် နံနက်ပိုင်းက ပြည်မြို့နယ် သမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ခရိုင်အခွန်ဦးစီးဌာနမှူး ဦးကျော်ကျော်လတ်က အဖွင့်အမှာစကားပြောကြားပြီး သမဝါယမအသင်းများ၏ ဝင်ငွေကြေညာလွှာများကို မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးမြင့်ဦးက ပေးအပ်ခဲ့ပြီး ပြည်မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးစိုးလှမြင့်က လက်ခံယူသည်။**(အောက်ပုံ)**

အခမ်းအနားသို့ သမဝါယမအသင်း ၁၄သင်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်အခွန်)

SOE MYINT & SONS Stainless Steel Trading Co., Ltd.

စိုးမြင့် နှင့် သားများ စတီးလ်ပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေး

201 Grade

[illegible]	[illegible]	[illegible]	[illegible]
0.6 mm	4'x8'	14 Kg x 2500	35000
0.8 mm	4'x8'	18.7 Kg x 2500	46750
0.9 mm	4'x8'	20.98 Kg x 2500	52450
1.0 mm	4'x8'	23.32 Kg x 2500	58300
1.2 mm	4'x8'	28 Kg x 2500	70000
1.5 mm	4'x8'	35 Kg x 2500	87500
2.0 mm	4'x8'	46.64 Kg x 2500	116600
3.0 mm	4'x8'	69.96 Kg x 2500	174900
4.0 mm	4'x8'	93.28 Kg x 2500	233200

201 Grade

[illegible]	[illegible]	[illegible]	[illegible]
0.6 mm	4'x8'	11.66 Kg x 2500	29150
0.8 mm	4'x8'	16.32 Kg x 2500	40800
0.9 mm	4'x8'	19 Kg x 2500	47500
1.0 mm	4'x8'	21.7 Kg x 2500	54250
1.2 mm	4'x8'	25.6 Kg x 2500	64000
1.5 mm	4'x8'	32.64 Kg x 2500	81600
2.0 mm	4'x8'	42 Kg x 2500	105000
3.0 mm	4'x8'	63 Kg x 2500	157500
4.0 mm	4'x8'	82 Kg x 2500	205000

Stainless Steel ... Digital ...

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆူးလေဘုရားလမ်း၊ အမှတ်(၂၅၆/၂၆၀)တွင် တည်ရှိသော ပက်လင့်(ခ)ထရေးဒင်းလီမိတက် (**Pac Link Trading Limited**) သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမှတ်အသားများကို မိမိကုမ္ပဏီမူပိုင်အဖြစ် ပြုလုပ်သုံးစွဲရန် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းကြေညာပြီး ဖြစ်ပါသည်။



အထက်ဖော်ပြပါ **O' Pa, Opa, opa, OPA** ကုန်အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားကို အသုံးပြု၍ **PAC LINK TRADING LIMITED** သည် **toothpaste, toothbrush, detergent powder, detergent cream, detergent liquid, soap, dish washer, shampoo, soap Bur, soap liquid, handwash, dishwash, cosmetics range** ဟူသော သွားတိုက်ဆေး၊ သွားတိုက်တံ၊ ချေးချွတ်ပေါင်ဒါ၊ ချေးချွတ်ခရင်(မ်)၊ ဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ ခေါင်းလျှော်ဆီ၊ လက်ဆေးဆပ်ပြာစသည့် အလှကုန်သုံးပစ္စည်းများကို ထုတ်လုပ်ဖြန့်ချိသွားမည်ဖြစ်ပါသည်။ အဆိုပါ တံဆိပ်အမှတ်အသားဖြင့်ပင် ဆိုင်းဘုတ်၊ မဂ္ဂဇင်း၊ ကြော်ငြာ၊ အင်တာနက်၊ ဝက်ဘ်ဆိုက်၊ အီးမေးလ်၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး စသည်တို့တွင် အသုံးပြုသွားမည်ဖြစ်ပါသည်။ ယင်းတံဆိပ်အမှတ်အသားကို ကပ်နှိပ်ထည့်သွင်းအသုံးပြုမည့် စက္ကူဘူးခွံ၊ ပလတ်စတစ်ဘူးခွံ၊ ပုလင်းတို့၏ အရှေ့၊ အလယ်၊ အနောက်၊ အောက်ခံတို့တွင် တံဆိပ်များအဖြစ်လည်းကောင်း၊ ကပ်နှိပ်ပြီး၊ ရိုက်နှိပ်ပြီး၊ ယင်းပစ္စည်းများကို ထည့်သွင်းသည့် ထုပ်ပိုးသည့် ပစ္စည်းများအပေါ်တွင်လည်း ယင်းကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ကပ်နှိပ်၊ ရိုက်နှိပ်၊ ဖိနှိပ်၍ အသားတံဆိပ်၊ **Sticker** တံဆိပ်များ ပြုလုပ်ကာ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မိမိကုမ္ပဏီ တစ်ဦးတည်း မူပိုင်အဖြစ် အသုံးပြုလျက်ရှိသော အဆိုပါ အမည်အမှတ်အသားကို မိမိကုမ္ပဏီမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ အများဖြစ်စေ၊ ကုမ္ပဏီ(သို့မဟုတ်) အခြားအဖွဲ့အစည်း တစ်ခုခုကဖြစ်စေ၊ ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ သံတူကြောင်းကွဲဖြစ်စေ၊ အရောင်အဆင်းပုံသဏ္ဌာန် စာလုံးပေါင်းစသည်တို့ကို တုပ၍ ပြုလုပ်သုံးစွဲခြင်း မပြုကြရန် သတိပေးတားမြစ်လိုက်ပါသည်။

အထက်ပါ သတိပေးတားမြစ်ချက်ကို လိုက်နာဆောင်ရွက်ခြင်း မရှိပါက ကုမ္ပဏီ၏ အကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးမှုအတွက် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးနက်စွာ သတိပေးကြော်ငြာအပ်ပါသည်။

Pac Link Trading Limited ၏ လွှဲအပ်ညွှန်ကြားချက်အရ-

(စိန်ဂွန်း) ခင်မောင်သန်း-၆၀၅၁

LL.B(DBL, DML,DIL,DA,Psy)

အမှတ်(၁၁၃)၊ (၅+၆)လွှာ(ဝဲ)၊ ၅၂လမ်း၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၇၀၀၆၅၄



သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေထိန်းသိမ်းစို့

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနား ဘားအံ၌ ကျင်းပ

ဘားအံ ဇူလိုင် ၅

(၁၃) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက ဘားအံ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည်။

အမှာစကား ပြောကြား

အခမ်းအနားတွင် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက အဖွင့်အမှာစကား ပြောကြားပြီး ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးထံမှ ပေးပို့သည့် သဝဏ်လွှာကို ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှ ရဲမှူးကြီး ကျော်မြင့်က ဖတ်ကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ ပန်းချီ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာ ပိုစတာ၊ ပန်းချီ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲ အမျိုးအစားများကို ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် အသီးသီးမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ဆုရရှိသူများကို ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာဆု ရရှိသူများကို လည်းကောင်း၊ ပြည်နယ်အတွင်းရေးမှူး ဦးအောင်မျိုးဦးက (အထက်တန်းအဆင့်) ကွန်ပျူတာ ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများကို လည်းကောင်း၊ ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကျော်မြင့်က (အလယ်တန်းအဆင့်) ကွန်ပျူတာပန်းချီဆု ရရှိသူများကို လည်းကောင်း၊ အခြားဆုရရှိသူများကို တာဝန်ရှိသူအသီးသီးတို့က ဆုများချီးမြှင့်ခဲ့ကြပြီး တက်ရောက်လာကြသူများက ပြခန်းများအား လိုက်လံကြည့်ရှုကြကြောင်း သိရသည်။ **(ဝဲပုံ)**

(ပြည်နယ်ပြန်/ဆက်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ် ကာဗိုးလမ်းနေ ကွယ်လွန်သူမိဘ ဦးညွန့်ရွှေ-ဒေါ်ဝင်းကြည်တို့အား ရည်စူး၍ ဒေါ်ချိုချိုမာမိသားစုက ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင်အတွက် ငွေကျပ် တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ရွှေကျင်မြို့နယ်၌ ကျင်းပ

ရွှေကျင် ဇူလိုင် ၅

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၃၀ ရက် နံနက် ၇နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝင်းအတွင်း၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဦး၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးစိုင်းစံသိန်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများသို့ ပျိုးပင်များဖြန့်ဝေပေးသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ကျွန်းပျိုးပင် ၄၀၀ ကျော်အား တပျော်တပါး စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

သစ်ပင်စိုက်ပါဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ပြည်သူ့ဆေးရုံ၌ နာတာရှည်ရောဂါဝေဒနာရှင်များအတွက် ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်း အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ဇူလိုင် ၂ ရက်က ကျင်းပရာ နာတာရှည်ရောဂါဝေဒနာရှင်များအား ဆေးဝါးနှင့် အာဟာရအသုံးအဆောင်ပစ္စည်းများ၊ ပညာပေးစာအုပ်များ၊ လက်ကမ်းစာစောင်များကို အိမ်တိုင်ရာရောက် ပေးအပ်စဉ်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

လမ်းမကြီးခုနစ်သွယ်ဖြင့် ရိုးမကို အောင်မြင်ခြင်း

သတင်းဆောင်းပါးနှင့်
ဓာတ်ပုံ - ရန်ကြီးအောင်
အဆင်အပြင် - ခင်မျိုးနိုင်

အလယ်ရိုးမခေါ် ပဲခူးရိုးမသည် သဘာဝသယံဇာတပေါကြွယ်ဝသော ဒေသကြီးဖြစ်သည်။ ရတနာတန်းဝင် ကျွန်းပင်များ အလျှံပယ်ပေါက်ရောက်သည်။ သစ်နှင့်သစ်တောထွက်ပစ္စည်းများ ပေါများစွာထွက်ရှိသည်။ မြို့ပြ လူနေအိမ်ခြေများနှင့် မဝေးကွာသော်ငြား သဘာဝတောရိုင်းတိရစ္ဆာန်များလည်း မှီတင်းနေထိုင်ကြသည်။ ထို့ကြောင့် ပဲခူးရိုးမသည် နိုင်ငံတော်၏ အဖိုးမဖြတ်နိုင်သော ရတနာသိုက်ကြီးတစ်ခုပင် ဖြစ်သည်။

သို့သော် တောင်မြောက်ရှည်လျားစွာ သွယ်တန်းတည်ရှိနေသော ပဲခူးရိုးမ၏တောင်စွယ်တောင်တန်းများသည်ကား လမ်းပန်းဆက်သွယ်ရေးကဏ္ဍအတွက်မူ သဘာဝအတားအဆီးတစ်ခု ဖြစ်၍နေသည်။ ရိုးမ၏ အရှေ့ခြမ်းနှင့် အနောက်ခြမ်းဒေသနှစ်ခုကို တံတိုင်းကြီးတစ်ခုပမာ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ●

ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း၏ လမ်းလုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

ထူးကဲဒီရေတက်မည်

နေပြည်တော် ဇူလိုင် ၆

ဇူလိုင် ၁၂ ရက် မှ ၁၇ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၁ ပေခန့်မှ ၂၁ ဒသမ ၂ ပေခန့်အထိ ထူးကဲဒီရေတက်မည် ဖြစ်ကြောင်း၊ ယခင် ၂၀၀၈-၂၀၀၉ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၁ ဒသမ ၉ ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတိပေး အကြောင်းကြားထားသည်။ (သတင်းစဉ်)